ကတညုတာ ဇေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာအပိုင်း(၁)ဖွင့်ပွဲတက်ရောက်ချီးမြှင့် အိမ်ရာစီမံကိန်းမော်ကွန်းကျောက်ပြားစက်ခလုတ်နှိပ်ဖွင့်လှစ်၊ လုံးချင်းနှင့်အထပ်မြင့်အိမ်ရာကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၃၁

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်ပြီးစီးသည့် ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်းအပိုင်း(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အဆိုပါအိမ်ရာစီမံကိန်းရှေ့မျက်နှာစာ၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်သည့် မင်းဓမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာအဆင့်မြင့် အိမ်ရာစီမံကိန်းအပိုင်း(၁) ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ရွှေကမ္ဘာအိမ်ရာစီမံကိန်း ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းညှိနှိုင်းစည်းဝေး အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ဆွေးနွေးမှာကြား

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စာမျက်နှာ ၇ ကော်လံ ၁ ■

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁ ရက်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အောင်မြင်ရေးကြိုးပမ်း ကျေးလက်ပြည်သူတို့၏ လူနေမှုမြင့်မားရေးဆောင်ရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် နိုင်ငံတော်အတွင်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး၊ နယ်စပ် အစွန်အဖျားနှင့် အတွင်းပိုင်းဒေသများ၊ မြို့ပြနှင့်ကျေးလက်၊ တောင်ပေါ်၊ မြေပြန့်ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ တောင်ပေါ်၊ မြေပြန့်၊ မြို့ပြနှင့် ကျေးလက်ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့် သဘောထားခံယူချက်ဖြင့် ဆောင်ရွက်ပေးနေမှုကြောင့် မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့သည် ပိုမိုရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မေလ ၂၉ရက်နေ့နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် သဲကုန်းမြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ သစ်တောကြိုးဝိုင်း ပြုစုပျိုးထောင်ရေး၊ လမ်းများပြုပြင်ထိန်းသိမ်းရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် **မိမိနှင့်အဖွဲ့ ဆင်မြီးဆွဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး သဲကုန်းမြို့နယ်၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ မိမိ ယခင်ဧပြီလက ပြည်မြို့သို့ လာရောက်ခဲ့သည့်ခရီးစဉ်တွင် သဲကုန်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု ခရီးစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုစိစစ်ပြီး ထပ်မံဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း** ပြောကြားသွားသည်။

ဒေသဖွံ့ဖြိုးရေး၊ မြို့နယ်တစ်ခုဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိက ဖြစ်သည်နှင့်အညီ နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ငွေကြေးများစွာ အကုန် အကျခံ ဆောင်ရွက် ပေးလျက်ရှိသည်။ ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း မိမိတို့မြို့နယ်ဒေသများ တိုးတက်သည်ထက် တိုးတက်လာစေရန် ရေရှည်မျှော်မှန်းတွေးတောကြံဆပြီး စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုပေသည်။

မြို့နယ်တစ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယင်းမြို့နယ်ကို ကျောထောက်နောက်ခံပြုပေးထားသည့် ကျေးလက်ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာရမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးပါမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသအရောက် ကွင်းဆင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ဖြစ်ထွန်းရေးကြိုးပမ်းရင်း ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို မပြတ်လေ့လာပြီး ဖိဖိစီးစီး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်/ ကလေးအသင်းတိုင်းအလိုက်ထူးချွန်ပထမဆုနှင့် အကောင်းဆုံးစာတမ်း ဒုတိယဆုရသူများဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတွင် ၂၀၀၃ခုနှစ်အတွက် တိုင်းအလိုက် လှုပ်ရှားမှုထူးချွန်ပထမဆုနှင့် အကောင်းဆုံးစာတမ်းဒုတိယဆုရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့် အဆင့်ဆင့်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ အသင်းဝင်များအနေဖြင့် မိမိတို့အသင်းကြီး၏လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းကြီး၏ မွန်မြတ်မြင့်မားသည့် လူမှုစောင့်ရှောက်ရေးလုပ်ငန်း တာဝန်များ အရှိန်အဟုန်မပျက် ဆက်လက်အောင်မြင်ဖြစ်ထွန်းစေအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် အမှာစကား ပြောကြားသည်။

လက်ခံ

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၄)ကြိမ်မြောက်ညီလာခံတွင် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီမှ ရရှိခဲ့သည့် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုကို ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်ကလည်းကောင်း၊ အကောင်းဆုံးစာတမ်းဒုတိယဆုကိုအတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းကလည်းကောင်း အပ်နှံကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

အလှူငွေများလက်ခံ

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာခင်ဆန်းနွယ်တို့က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးသိန်းလှ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်)က မျက်မှန်များနှင့် မျက်စိဝေဒနာရှင်နှစ်ဦး ခွဲစိတ်ကုသမှု ကုန်ကျစရိတ် စုစုပေါင်း အလှူငွေကျပ် ၃၆၀၀၀၀၊ ဦးသီဟထွန်း၊ ဦးကြည်စိန်တို့က အလှူငွေကျပ် ၁၀၀၀၀၀စီ၊ ဦးမောင်ကျော်ကအလှူငွေကျပ် ၁၀၀၀၀၀နှင့် ဖျော်ဖြေသည့် Oldies တေးဂီတအဖွဲ့အား အလှူငွေကျပ်၁၀၀၀၀၀၊ စုစုပေါင်းကျပ် ၂၀၀၀၀၀၊ ဒေါ်ထွေးမြင့်က အလှူငွေကျပ် ၁၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကဒေါ်ခင်သက်ဌေးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်အား လည်းကောင်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းအားလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက ကော်မတီဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့် ဒေါက်တာ ဒေါ်ခင်စောရီတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မေ ၂၉ရက်က မူလတန်းကြို ကျောင်းအမှတ်(၁)ဗဟန်းကျောင်းခန်းမ၌ Mo Asia Company Ltd.(Dumex)မှ ကြီးမှူးကျင်းပသော ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲတွင် စိတ်ပညာဌာန ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဒေါ်ခင်မျိုးရီက ကလေးများ၏စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအကြောင်းဟောပြောစဉ်။ (က–ပ)

မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစု ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ငွေပေးအပ်ပွဲကို မေ၃၀ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်စိုးက တပ်ဖွဲ့ဝင် မိသားစု တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊မူလတန်းကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့် ပညာသင် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ စခန်းမှူးမှတစ်ဆင့် ပေးအပ်စဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Economic Resource Development in Myanmar (ပြည်သူ့ရေးရာ–ပထမနှစ်)
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်ကိုင်အိတ်ဒီဇိုင်း အဆန်းနဲ့ အရမ်းကိုလှ"** (အပိုင်း–၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားမားသမား"** (အပိုင်း–၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ ရက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အရှင်သုန္ဒရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအား သက်န်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အားချီးကျူးဂုဏ်ပြုပူဇော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှူဖွယ်ပစ္စည်းဆက်ကပ်

ရန်ကုန် မေ ၃၁

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်အရှင်သုန္ဒရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၂)ရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်ဓမ္မာရုံကြီး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ သက်န်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သြဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုမော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အရှင်သုန္ဒရ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် အကျိုးတော်ဆောင်အဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊စွန်းလွန်းယောဂီဝတ်အဖွဲ့ဝင်များနှင့် တပည့်ဒါယကာဒါယိကာမ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ချီးကျူးပူဇော်

အစီအစဉ်အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အရှင်သုန္ဒရအား ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့်တကွ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝါရိန်နှင့် အဖွဲ့ဝင်များက ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပမည့် ဓမ္မာရုံကြီးသို့ ပင့်ဆောင်ကြရာ တေးသံရှင်စိုးစန္ဒာထွန်းက ထူးခြားနားရောင်ခြည်တော် ဖွင့်သီချင်းဖြင့် ချီးကျူးပူဇော်သည်။

ထို့နောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တကေသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အရှင်သုန္ဒရ၏ ထေရုပ္ပတ္တိအကျဉ်းကို အကျိုးတော်ဆောင်အဖွဲ့ နာယက ဦးအောင်ရင်က ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒစွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အရှင်သုန္ဒရက ချီးကျူးဂုဏ်ပြု ပူဇော်ရခြင်းအကျိုးနှင့် စပ်လျဉ်းသည့် အနုမောဒနာတရားတော်ကိုဟောကြား ချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် တိပိဋကဓရ တိပိဋကကောဝိဒ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်ဦးစီးပဓာန နာယက ဆရာတော် အရှင်သုန္ဒရတို့အား သက်န်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သက်န်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

အခမ်းအနားသို့ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဘင်ခရာပန်းဖွားအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကမ္ဘာအိမ်ရာ စီမံကိန်းကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) ရှိ နှစ်ထပ်လုံးချင်းအိမ်ရာနှင့် အထပ်မြင့်အိမ်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရွှေကမ္ဘာအိမ်ရာစီမံကိန်း အပိုင်း(၁) မြေညီထပ်ရှိ SCTလျှပ်စစ်ပစ္စည်းအရောင်းခန်းမဖွင့်ပွဲကို ဆက်လက်ကျင်းပရာ အစီအစဉ်အရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်တိုင်း လျှပ်စစ်အင်ဂျင်နီယာ ဦးလှပိုင်နှင့် SCT Holdings Electrical Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Chon Wen Quanတို့က SCT လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက SCT လျှပ်စစ်ပစ္စည်းအရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မေ ၃၀ ရက်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းတည်ဆောက်သည့် မင်းဓမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာအဆင့်မြင့် အိမ်ရာစီမံကိန်း အပိုင်း(၁)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီတို့အကျိုးတူ ပူးပေါင်းတည်ဆောက်သည့် မင်းဓမ္မလမ်းပေါ်ရှိ ရွှေကမ္ဘာ အဆင့်မြင့် အိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် SCT လျှပ်စစ်ပစ္စည်းအရောင်းဆိုင်အတွင်း စက်ရုံ အလုပ်ရုံသုံးပစ္စည်းများ၊ ဟိုတယ်နှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများနှင့် ရုံးသုံး၊ အိမ်သုံး လျှပ်စစ်ပစ္စည်း အမျိုးပေါင်း ၅၀ ကျော် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရွှေကမ္ဘာအဆင့်မြင့် အိမ်ရာစီမံကိန်း အပိုင်း(၁) ဖွင့်လှစ်ပွဲ အစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ရွှေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာဦးမောင်မောင်က ရွှေကမ္ဘာအိမ်ရာစီမံကိန်း အပိုင်း(၁)၊အပိုင်း(၂)နှင့် အပိုင်း(၃)တည်ဆောက်ရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယနေ့ ဖွင့်လှစ်သည့် ရွှေကမ္ဘာ အဆင့်မြင့်အိမ်ရာစီမံကိန်း အပိုင်း(၁) တွင် နှစ်ထပ်လုံးချင်းတိုက် ၁၂ လုံး၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက် နှစ်လုံး (၂၄ ခန်း)နှင့် နှစ်ခန်းတွဲ ငါးထပ်တိုက် လေးလုံး (အခန်း ၄၀)တို့ပါဝင်ပြီး ခြောက်ထပ်တိုက်၏ မြေညီထပ် မျက်နှာစာတွင် အသင့်ဝယ်ယူအသုံးပြုနိုင်သည့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင် တစ်ဆိုင်လည်း ပူးတွဲပါရှိသည်။

ဆက်လက်၍ အိမ်ရာစီမံကိန်း အပိုင်း(၂)တွင် နှစ်ခန်းတွဲ ရှစ်ထပ်တိုက် လေးလုံး၊ နှစ်ခန်းတွဲ ငါးထပ်တိုက် ရှစ်လုံးနှင့် နှစ်ထပ်လုံးချင်းတိုက် ၁၀ လုံးကိုလည်းကောင်း၊ စီမံကိန်းအပိုင်း(၃)တွင် ၁၂ ထပ် Twin Tower တစ်လုံး၊ နှစ်ခန်းတွဲ ရှစ်ထပ်တိုက် နှစ်လုံးနှင့် နှစ်ခန်းတွဲ ငါးထပ်တိုက် လေးလုံးတို့ကိုလည်းကောင်း တည်ဆောက်သွားမည်ဖြစ်ပြီး စီမံကိန်း အပိုင်းသုံးခုစလုံး၏ စုစုပေါင်းအကျယ် အဝန်းမှာ ၇ ဒသမ ၄ ဧက ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကန်နှင့် ဗြိတိန်တင်သွင်းသော ကုလဆုံးဖြတ်ချက်မူကြမ်းပါအချက်အချို့ ပြင်ဆင်ရန်လိုအပ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ထောက်ပြ

ကုလသမဂ္ဂ မေ ၂၉

အီရတ်ဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ရရှိရေး ဆွေးနွေးလျက်ရှိကြစဉ်မှာ ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါးက အမေရိကန်နှင့် ဗြိတိန်တို့တင်သွင်းသည့်မူကြမ်းမှ အရေးပါသော အချို့အချက်များကို ပြင်ဆင်ရန်လိုအပ်ကြောင်း ထောက်ပြခဲ့သည်။

ဂျာမနီနိုင်ငံ၏ အဆိုပြုချက်ကို တရုတ်၊ ရုရှားနှင့် ပြင်သစ်တို့ကလည်း ထောက်ခံကြပြီး အီရတ်ကြားဖြတ်အစိုးရအနေဖြင့် အချုပ်အခြာအာဏာအပြည့်အဝရရှိရန် အထူးသဖြင့် အမေရိကန်ဦးဆောင်သော အပေါင်းပါများနှင့် ဆက်ဆံရေးတွင် အခွင့်အာဏာအပြည့်အဝရရှိစေရန် ကြိုးပမ်းနေကြသည်။

ရောက်ရှိ

ယခုကဲ့သို့ ဆောင်ရွက်မှုများကြောင့် အီရတ်စစ်ပွဲမတိုင်မီက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ သံတမန်ရေးရာ အခြေအတင်ဆွေးနွေးပွဲများ ဖြစ်ပွားသည့်နည်းတူ အလားတူဆွေးနွေးပွဲမျိုး ဖြစ်ပေါ်လာနိုင်မည့်အခြေအနေ ရောက်ရှိလာသည်။

မျှော်လင့်

ဝေဖန်သူများက ယခင်ထက်ပင် ပိုမိုပြင်းထန်သော ဆွေးနွေးပွဲမျိုးဖြစ်လာနိုင်ကြောင်း ခန့်မှန်းနေကြပြီး သံအမတ်များက သဘောတူညီချက်တစ်ရပ် ရရှိနိုင်မည်ဟု မျှော်လင့်နေကြသည်။

အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီမှု ရရှိနိုင်သော်လည်း အမေရိကန်တို့၏ အုပ်ချုပ်မှုအောက်၌ ဆောင်ရွက်ရန် တပ်ဖွဲ့များစေလွှတ်မည့် ဆန္ဒမရှိကြောင်းနှင့် ပြင်သစ်နှင့်အခြားနိုင်ငံများက အီရတ်ပြန်လည်တည်ဆောက်ရေး၌ ငွေကြေးထည့်ဝင်မှုသာပြုမည်ဖြစ်ကြောင်း သိရသည်။

(စီအင်န်အင်န်)



ဆန္ဒပြ

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအားဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အိန္ဒိယနိုင်ငံ လပ်ခ်နောင်းမြို့တွင် ဆန္ဒပြနေကြသူများကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ပြီးအီရတ်နိုင်ငံ၌ ပြဿနာများခန့်မှန်းထားသည်ထက်ပိုမိုဆိုးရွား ကန်နှင့်ဗြိတိန်တို့၏ အီရတ်ဆိုင်ရာမူကြမ်းအပေါ် လုံခြုံရေးကောင်စီ သဘောမတွေ့

ဘဂ္ဂဒက် မေ ၂၉

အသစ်ဖွဲ့စည်းမည့် အီရတ်အစိုးရသည် အချုပ်အခြာအာဏာ အပြည့်အဝရရှိမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က ပြောကြားနေသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များက အမေရိကန်နှင့် ဗြိတိန်တို့တင်သွင်းသော အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းအပေါ် သဘောမတွေ့ဘဲ ၎င်းမူကြမ်းသည် အာဏာအပြည့်အဝလွှဲပြောင်းရေးအတွက် အထောက်အကူမပြုကြောင်း ဝေဖန်နေကြသည်။

လုံခြုံရေးကောင်စီဝင်များ အဆိုပြုသကဲ့သို့ ကုလသမဂ္ဂအနေဖြင့် အီရတ်အရေးတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပြီး အထူးကိုယ်စားလှယ်ဘရာဟီမီကိုလည်း အီရတ်အစိုးရဖွဲ့စည်းခွင့်ပေးထားကြောင်း အမေရိကန်တို့အနေဖြင့် စစ်ပွဲမတိုင်မီကကဲ့သို့ အမိန့်များထုတ်ပြန်နိုင်တော့မည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားနေကြသည်။

ပိုမိုဆိုးရွား

စစ်ပြီးအီရတ်နိုင်ငံ၌ ဖြစ်ပေါ်လာသော ပြဿနာရပ်များသည် ခန့်မှန်းထားသည်ထက်ပင် ပိုမိုဆိုးရွားကြောင်း၊ နိုင်ငံပြန်လည်တည်ဆောက်ရေး၌လည်း အောင်မြင်မှုအနည်းငယ်သာရရှိကြောင်း၊ သြဇာအာဏာကြီးမားသောအယာတိုလာ အယ်စစ်စ္စတာနီက အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာကို တွေ့ဆုံခြင်းမပြုခဲ့ကြောင်း သိရသည်။

ချောင်ပိတ်မိ

ရွေးကောက်ပွဲကျင်းပရန် ငါးလသာလိုတော့သည့်အချိန်၌ သမ္မတဘုရှ်အနေဖြင့် ချောင်ပိတ်မိနေပြီဖြစ်ကြောင်း၊ အမေရိကန်သို့ အလည်အပတ် ရောက်ရှိနေသည့် ဒိန်းမတ်ဝန်ကြီးချုပ်က အီရတ်၌ ၎င်း၏တပ်ဖွဲ့ဝင်များ ထားရှိမည်ဖြစ်သော်လည်း အီရတ်တို့၏ ဖိတ်ခေါ်မှုအရသာ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

စစ်ပွဲနှင့်သဘာဝဘေးကြောင့် ဖြစ်ရသော ပြဿနာများ ကုလအဖွဲ့က ဦးဆောင် ဖြေရှင်းဆောင်ရွက်သင့်

ပေကျင်း မေ ၂၉

စစ်ပွဲများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပွားလာခဲ့သော ပြဿနာများကိုဖြေရှင်းရန် ကုလသမဂ္ဂအဖွဲ့သည် ဦးဆောင်ဦးရွက်ကဏ္ဍမှ ပါဝင်သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ ဝမ်ဂွမ်ဂျာက ပြောကြားခဲ့သည်။ ဘေးဒုက္ခဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကို ကုလသမဂ္ဂအဖွဲ့က လျင်လျင်မြန်မြန်ဆောင်ရွက်ဖို့လိုအပ်ကြောင်းလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆွေးနွေးပွဲတွင် ဝမ်ဂွမ်ဂျာက ပြောကြားခဲ့သည်။

တာဝန်ရှိ

အဆိုပါကိစ္စရပ်များကို ဖြေရှင်းလျှော့ချနိုင်ရန် နည်းဗျူဟာအစီအစဉ်တစ်ရပ်ကို ချမှတ်ဖို့လည်း အလေးထားရမည်ဖြစ်ကြောင်း ဝမ်ဂွမ်ဂျာက ပြောကြားသည့်ပြင် စီးပွားရေးနှင့်ယဉ်ကျေးမှုတည်ငြိမ်တိုးတက်စေရေးအတွက် ဆောင်ရွက်သင့်ကြောင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က တာဝန်ရှိကြောင်းလည်း ဆက်လက်ပြောကြားသည်။ **(စီစီတီဗွီ)**



ဂျပန်သတင်းစာဆရာနှစ်ဦး သေဆုံးရမှု ဝန်ကြီးချုပ် ကိုအိဇုမိနိုင်ငံရေး အခက်တွေ့နိုင်

တိုကျို မေ ၂၉

အီရတ်တွင် ဂျပန်သတင်းစာဆရာနှစ်ဦး သေဆုံးခြင်းသည် တပ်ဖွဲ့ဝင်များ အီရတ်သို့ ဂျပန်နိုင်ငံကစေလွှတ်မှုအပေါ် ပြည်သူလူထု၏ သဘောကွဲပြားမှုကို ပိုမိုနက်ရှိုင်းစေပြီး ဇူလိုင်လ ရွေးကောက်ပွဲမတိုင်မီ အစိုးရအဖွဲ့အတွက် နိုင်ငံရေးအခက်အခဲများ တွေ့နိုင်ကြောင်း ဝေဖန်ဆန်းစစ်သူများက သောကြာနေ့၌ ပြောကြားသည်။

ဟောကိန်းထုတ်

သို့သော်လည်း အချို့က ယင်းအဖြစ်အပျက်ကြောင့် ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိအပေါ် ပြည်သူလူထု၏ ထောက်ခံမှုကို ပျက်စီးစေဖွယ်မရှိကြောင်း ဟောကိန်းထုတ်ခဲ့ကြသည်။

တိုက်ခိုက်

ဘဂ္ဂဒက်တောင်ဘက်၌ ဂျပန်အလွတ်တန်းသတင်းစာဆရာနှစ်ဦး၏ ကားကို ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်ခဲ့ရာတွင် သတင်းစာဆရာနှစ်ဦးလုံး သေဆုံးသွားသည်ဟု အီရတ်ယာဉ်မောင်းက ပြောကြောင်းဆေးရုံက ပြောကြားသည်။

ဂျပန်အလွတ်သတင်းစာဆရာ နှစ်ဦးသေဆုံးမှုသည် လွန်ခဲ့သည့်နှစ်၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး အီရတ်၌ တတိယနှင့်စတုတ္ထမြောက် သေဆုံးသော ဂျပန်လူမျိုးများဖြစ်သည်။

ဂျပန်သံတမန်နှစ်ဦးသည် ၎င်းတို့၏ယာဉ် တီကရစ်မြို့အနီး၌ နိုဝင်ဘာလက တိုက်ခိုက်ခံရချိန်တွင် သေဆုံးခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ

ဆေးလိပ်သောက်ခြင်းဖြင့် စီးပွားရေးနှင့်ကျန်းမာရေးထိခိုက်လာမည့် နှစ် ၂၀ တွင် ဆေးလိပ်ကြောင့် လူ ၄ သန်းကျော်သေဆုံးဖွယ်

ဂျီနီဗာ မေ ၃၀

မေ ၃၁ ရက်နေ့တွင်ကျရောက်သည့် ကမ္ဘာ့ဆေးလိပ်မသောက်သုံးရနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)မှ ယခုနှစ်ချမှတ်ထားသော ဆောင်ပုဒ်မှာ **“ဆေးလိပ်သောက်သုံးမှုကင်းဝေးမှ လူမှုဘဝချမ်းသာရ”**ဟူ၍ဖြစ်ကြောင်း ဂျီနီဗာရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါဆောင်ပုဒ်မှာ ဆေးလိပ်သောက်သုံးခြင်းနှင့် ဆင်းရဲခြင်းကို ခွဲခြား၍မရနိုင်သည်ကို ဖော်ပြကြောင်း၊ ဆေးလိပ်သောက်သုံးခြင်းဖြင့် စီးပွားရေးများနှင့် ဝင်ငွေများကို ထိခိုက်စေနိုင်ကြောင်း၊ အထူးသဖြင့် ဆင်းရဲသောသူများအနေဖြင့် အထက်ပါ စီးပွားရေးနှင့် ဝင်ငွေများကိုဝါးမျိုဖျက်ဆီးစေနိုင်သော ဆေးလိပ်သောက်သုံးခြင်းကို အဘယ်ကြောင့်လုပ်ဆောင်မလဲဟူသောသဘောကို ဖော်ပြကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် ၆ ဒသမ ၅ စက္ကန့်တိုင်း လူတစ်ဦးသေဆုံးလျက်ရှိပြီး လူအများအပြားရောဂါများရရှိကာ ကိုယ်လက်အင်္ဂါ မသန်မစွမ်းမှုများဖြစ်ရကြောင်း ဒဗလျူအိတ်ချ်အိုညွှန်ကြားရေးမှူးချုပ် လီဂျောင်ဝုက ပြောကြားသည်။ ဆေးလိပ်သောက်သုံးမှုကြောင့် လာမည့် နှစ် ၂၀ တွင် သေဆုံးမည့် လူဦးရေသည် နှစ်စဉ်လူ ၄ ဒသမ ၉ သန်းရှိနိုင်ကြောင်း ဒဗလျူအိတ်ချ်အိုက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေး စောင့်ကြပ်

နာဂျက်ဖ်မြို့တွင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့မှ အီရတ်ပြောက်ကျားများ လုံခြုံရေး စောင့်ကြပ်နေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သစ် အီရတ်ပြည်သူများအားအချုပ်အခြာအာဏာလွှဲပြောင်းရေးဖြစ်စေရမည်ဆို

မော်စကို မေ ၂၀

အီရတ်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သစ်သည် အီရတ်ပြည်သူများအား အချုပ်အခြာ အာဏာလွှဲပြောင်းပေးရန် အရှိန်အဟုန်ဖြစ်စေသင့်သည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါဆုံးဖြတ်ချက်သည် အီရတ်တို့၏ စစ်မှန်သောအချုပ်အခြာ အာဏာပြန်လည်ရရှိရေးအတွက် အီရတ်တို့ကိုယ်တိုင် ပါဝင်ဖန်တီးနိုင်ရန် အကျိုးသက်ရောက်မှုသာလျှင် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ပူတင်က မော်စကိုမြို့၌ အီဂျစ်သမ္မတ ဟို့စနီမူဘာရက်နှင့်တွေ့ဆုံစဉ် သတင်းထောက်များကို ပြောကြားလိုက်သည်။

ဆွေးနွေး

ကုလသမဂ္ဂတွင် ရုရှားနိုင်ငံကိုယ်စားလှယ်အနေဖြင့် မှတ်တမ်းတစ်ခု၏ ပုံစံအဖြစ်သာ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်နှင့် ယင်းကိစ္စကို တယ်လီဖုန်းဖြင့် သောကြာနေ့ နောက်ပိုင်းကဆွေးနွေးခဲ့ကြောင်း ၎င်းကပြောကြားသည်။

အီရတ်နိုင်ငံတွင် ရက်ရှည်လများ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း၊ အဆိုပါခက်ခဲသောပြဿနာကို ရုရှား နိုင်ငံအပါအဝင်နိုင်ငံတိုင်းက စိုးရိမ်နေကြရ၍ ဖြေရှင်းကြမည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။

ပေးပို့

အထက်ပါ ပြောကြားချက်များသည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အီရတ်ဆိုင်ရာ မူကြမ်းတစ်ရပ် ကုလသမဂ္ဂလုံခြုံရေး ကောင်စီသို့ ပေးပို့ပြီးနောက် ပူတင်က ပထမဆုံး မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကူဖာမြို့ထဲဝင်ရောက်သော ကန်တပ်ဖွဲ့ဝင်များ ဒုံးပစ်လောင်ချာများ၊ လက်နက်ငယ်များဖြင့်ပစ်ခတ်ခံရ

ကူဖာ မေ ၂၀

အီရတ်နိုင်ငံ၌ အီရတ်ခေါင်းဆောင်အယ်ဆာဒါကို သစ္စာခံသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များက အမေရိကန်တို့ကို ခုခံတိုက်ခိုက်လျက်ရှိရာ ပြီးခဲ့သည့်နှစ်ရက်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ရရှိပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

သို့ရာတွင် ယမန်နေ့နံနက်၌ ကူဖာမြို့ထဲသို့ ဝင်ရောက်သွားသော အမေရိကန်တပ်ဖွဲ့သည် ဒုံးပစ်လောင်ချာများ၊ လက်နက်ငယ်များနှင့် တိုက်ခိုက်ခံရသည်။ အဆိုပါတိုက်ခိုက်မှု၌ အီရတ်လေးဦးသေဆုံးခဲ့ပြီးအီရတ် လက်နက်ကိုင် မီဒီတပ်မှ တပ်ဖွဲ့ဝင်များက လမ်းတစ်လျှောက် အတားအဆီးများ ပြုလုပ်ထားသည်။ ယခုအချိန်ထိ နာဂျက်ဖ်နှင့်ကူဖာမြို့လယ်ရှိ ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဆုတ်ခွာသည့်လက္ခဏာမရှိသေးကြောင်း သိရသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတည်ငြိမ်ရေးနှင့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေး ဥရောပအလယ်ပိုင်း နိုင်ငံခေါင်းဆောင်များပြောကြား

ကွန်စတန်တာ(ရိုမေးနီးယား) မေ ၂၀

အီရတ်နိုင်ငံတည်ငြိမ်ရေးနှင့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးကို အထောက်အပံ့ပြုကြောင်း ဥရောပအလယ်ပိုင်းနိုင်ငံများ၏ ခေါင်းဆောင်များက သောကြာနေ့၌ ယင်းတို့အား ကတိကဝတ်ပြုမှုကို ထပ်လောင်း ပြောကြားလိုက်သည်။

ပြောကြား

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် ပူးပေါင်းအဖွဲ့ဝင်များက ဆက်လက်တာဝန်ယူဆောင်ရွက်ရန်ရှိကြောင်း တရားဝင်အီရတ်အစိုးရ ဖြစ်ပေါ်ရေးအပေါ် ကုလသမဂ္ဂဆုံးဖြတ်ချက်သည်သာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ကြောင်း ဘူဂေးရီးယားသမ္မတ ပါဗာနော့ဗ်က အလယ်ပိုင်း ဥရောပနိုင်ငံများ၏ (၁၁)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအပြီး သတင်းထောက်များအား ပြောကြားခဲ့သည်။

ယုံကြည်

အီရတ်စစ်ပွဲသည် အမှန်တကယ် အကြမ်းဖက်ရေး ဗဟိုအချက်အချာနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်ဟု ပါဗာနော့ဗ်က ယုံကြည်ထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသူများကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အန်ဘာပြည်နယ်တိုက်ပွဲ၌ မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၀

ဘဂ္ဂဒက်အနောက်ဘက်မှနေ၍ ဆီးရီးယားနှင့်ဂျော်ဒန်နယ်စပ်အထိ ကျယ်ပြန့်သော အန်ဘာပြည်နယ်တွင် ဖြစ်ပွားသောတိုက်ပွဲ၌ မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ပြောကြားသည်။

ထို့ပြင် အမေရိကန်စစ်ဘက်ဆိုင်ရာက နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အတည်ပြုပြောကြားသည်။

တစ်ဦးမှာ ဘဂ္ဂဒက်တောင်ဘက်၌ စိန်ပြောင်းဖြင့် အင်္ဂါနေ့က တိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦးမှာ သောကြာနေ့၌ အခြားအကြောင်းကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ဒဏ်ရာရ

စိန်ပြောင်းဖြင့်တိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်ကိုးဦးလည်း ဒဏ်ရာရခဲ့သည်ဟုသိရသည်။ သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များ၏ သေဆုံးသူ အရေအတွက်တိုးလာရာတွင် အမေရိကန်တို့ ခန့်အပ် သော နာဂျက်ဖ်အုပ်ချုပ်ရေးမှူးက ဆာဒါသည် နာဂျက်ဖ်၌ ဖြစ်ပွားသော တိုက်ပွဲများ အဆုံးသတ်ရေး သဘောတူချက်ကို မလေးစားကြောင်း ပြောဆိုခဲ့သည်။

ပြောဆို

ဆာဒါသစ္စာခံများက ၎င်းတို့သည် ကူဖာတိုက်ပွဲ၌ စနေနေ့တွင် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အခြား တစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု ပြောဆိုသည်။

တိုက်ခိုက်

ကူဖာမြို့ မြို့လယ်ကောင်သို့ ချဉ်းကပ်လာသော အမေရိကန်တပ်ဖွဲ့ဝင်များနှင့်တိုက်ပွဲဖြစ်ပွားရာ၌ ဆာဒါ၏တိုက်ခိုက်ရေးသမားများသည်ဒုံးပစ်လောင်ချာများကို အသုံးပြုတိုက်ခိုက်ခဲ့ကြသည်ဟု သိရသည်။

(အင်တာနက်)

အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းရေးဆွေးနွေး

ဘဂ္ဂဒက် မေ ၂၀

အီရတ်နိုင်ငံအား အုပ်ချုပ်ရေးလွှဲပြောင်းပေးတော့မည့် ဇွန် ၃၀ရက် မတိုင်မီ ကြားဖြတ်အစိုးရအဖွဲ့ဝင် များဖွဲ့စည်းမှုအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေဆဲဖြစ်သည်။

ဝန်ကြီးချုပ်ရာထူးအတွက် လျာထားသတ်မှတ်ပြီးပြီဖြစ်သော်လည်း အခြားသောထိပ်တန်းရာထူးနေရာများအတွက် ညှိနှိုင်း ဆွေးနွေးဆဲဖြစ်သည်။ သမ္မတရာထူးနေရာအတွက် ဝါရင့်သံတမန်တစ်ဦးဖြစ်သူ အဒ်နန်ပါချာချီ ဖြစ်နိုင်ချေရှိသကဲ့သို့ ယခုလောလောဆယ် အီရတ် အုပ်ချုပ်မှုကောင်စီ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသူ မှုဘီဂါဇီယာဝါလည်း ဖြစ်နိုင်ချေရှိသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ဒုတိယသမ္မတရာထူးအတွက် အီရတ်တစ်ဦးနှင့်ကာ့ဒ်လူမျိုးတစ်ဦးစီဖြစ်နိုင်ချေရှိသကဲ့သို့ လောလောဆယ် အီရတ်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူနေသော ဇဘာရီအား ကာကွယ်ရေးဝန်ကြီးအဖြစ် တချို့က ထင်ကြေးပေးနေကြသည်။ ပြည်ထဲရေးဝန်ကြီး ဆူမေနီက ပြည်ထဲရေးဝန်ကြီးရာထူးပင် ဆက်လက်ရရှိမည်ဟု ထင်ကြေးပေးနေကြသည်။ **(စီစီတီဗွီ)**

ချောင်းမြောင်းကြည့်ရှု

ဘဂ္ဂဒက်တောင်ဘက် အမရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် ချောင်းမြောင်းကြည့်ရှုနေသော အီရတ်ကလေးငယ်တစ်ဦးကို မေ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အိမ်ရာများ စိန်ပြောင်းများဖြင့်ပစ်ခတ်ခံရ၍ လူလေးဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၀

အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်အဖြစ်အရွေးခံရသူ အီယက်ဒ်အလာဝီသည် ဇွန် ၃၀ရက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းရယူမည့် ကြားဖြတ်အစိုးရဖွဲ့စည်းရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ဝန်ကြီးအဖွဲ့တွင်ပါဝင်မည့်ပုဂ္ဂိုလ်များ စာရင်းကိုထုတ်ပြန်နိုင်ရေးအတွက် အီရတ်အုပ်ချုပ်မှုကောင်စီဝင်များသည် ကုလသမဂ္ဂအထူးကိုယ်စားလှယ် လက်ခ်ဒါဘရာဟီမီနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ယခင်က အီရတ်ဝန်ကြီးချုပ်အား ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ရွေးချယ်မည်ဖြစ်ကြောင်းသတင်းများထွက်ပေါ်သော်လည်း ယခုအခါ အီရတ်အုပ်ချုပ်မှုကောင်စီကသာ ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ အမည်စာရင်းကို ရွေးချယ်လျက်ရှိသည်။

ပစ်ခတ်ခံရ

ဝန်ကြီးချုပ်သစ်ဖြစ်လာမည့် အလာဝီ ရင်ဆိုင်ရမည့် အခက်အခဲများအနက် လုံခြုံရေးကိစ္စရပ်သည် အကြီးမားဆုံးအခက်အခဲတစ်ရပ် ဖြစ်လာနိုင်သည်။ ယမန်နေ့က ဘဂ္ဂဒက်မြို့လယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့်အိမ်ရာများပေါ်သို့ စိန်ပြောင်းများဖြင့် ပစ်ခတ်ခြင်းခံခဲ့ရကာ လုံခြုံရေးဝန်ထမ်းနှစ်ဦးအပါအဝင် လေးဦးဒဏ်ရာရရှိခဲ့သည်။ ၎င်းဝန်ကြီးဌာနသည် အမေရိကန်ဦးဆောင်သော အာဏာပိုင်အဖွဲ့ရုံးချုပ်အနီး၌တည်ရှိကြောင်းသိရသည်။ နာဂျက်ဖ်မြို့အနီး ကူဖာမြို့၌လည်း အမေရိကန်နှင့်ဆာဒါကို သစ္စာခံသော လက်နက်ကိုင်တပ်ဖွဲ့ ဝင်များ တိုက်ပွဲများပိုမိုဖြစ်ပွားနေပြီး လွန်ခဲ့သောနှစ်ရက်က အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြပြီးနောက် ထပ်မံတိုက်ပွဲဖြစ်ပွားနေကြောင်း သိရသည်။ ၎င်းဒေသများအတွင်းသို့ အီရတ်ရဲတပ်ဖွဲ့အင်အားထပ်မံဖြည့်တင်းမည်ဖြစ်ရာ လာမည့်သီတင်းပတ်များအတွင်း အင်အားတစ်ထောင်ခန့် ဖြစ်လာနိုင်သည်ဟု ဆိုသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း
နိုင်ငံခြားသတင်းများ

ဘဂ္ဂဒက်အမေရိကန်စစ်ဌာနချုပ်အနီးစိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲ လူလေးဦးဒဏ်ရာရရှိ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းအီရတ်ရဲအဖွဲ့ကပြောကြား

ဘဂ္ဂဒက် မေ ၃၀

ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ အမေရိကန်ဦးဆောင်သော စစ်ဌာနချုပ်မှ မီတာ ၄၀၀ အကွာ၌ စိန်ပြောင်းကျည်တစ်လုံး စနေနေ့က ကျရောက်ပေါက်ကွဲခဲ့ရာလူလေးဦးဒဏ်ရာရရှိကြောင်း၊ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း အီရတ်ရဲအဖွဲ့က ပြောကြားသည်။

ပုံမှန်တိုက်ခိုက်

ဒဏ်ရာရသူလေးဦးမှာ အလုပ်သမားများဖြစ်ကြပြီး အီရတ်အိမ်ရာဝန်ကြီးဌာနသို့ဝင်ရောက်ရန် တန်းစီနေကြခြင်းဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အစိမ်းရောင်ဒေသဟု ထင်ရှားသော အမေရိကန်ဌာနချုပ်ကို ပြောက်ကျားများ စိန်ပြောင်းများဖြင့် ပုံမှန်တိုက်ခိုက်လေ့ရှိသော်လည်း အဆိုပါ ဒေသအတွင်းသို့ စိန်ပြောင်းကျည်များ အားလုံးကျရောက်ခြင်းမရှိဟုသိရသည်။

လမ်းဘေးဗုံးကွဲ

ယခုသီတင်းပတ်အစောပိုင်း၌ အစိမ်းရောင်ဒေသ အဓိကဝင်ပေါက်သို့သွားရာလမ်းပေါ်၌ ထောင်ထားသော လမ်းဘေးဗုံးပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးခဲ့သည်။ တစ်ဦးမှာ ဗြိတိသျှလုံခြုံရေးအစောင့်ဖြစ်ပြီး တစ်ဦးမှာဗြိတိသျှအလုပ်သမားတစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အာဘူဂရိုက်အကျဉ်းထောင်ဖြစ်ရပ်ကြောင့် နာဂျက်ဖ်ဒေသခံများကန်တို့အပေါ် မယုံကြည်

နာဂျက်ဖ် မေ ၃၀

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိနေပြီဆိုသော်လည်း အနီးအနားမြို့များတွင် အီရတ်ခေါင်းဆောင် အယ်ဆာဒါ ၏ တပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့များ တိုက်ပွဲများဖြစ်ပွားဆဲဖြစ်သည်။

နာဂျက်ဖ်ရှိ ဒေသခံ အီရတ်များအနေဖြင့် အာဘူဂရိုက် အကျဉ်းထောင်ဖြစ်ရပ်နှင့် အခြားဖြစ်ရပ်များကြောင့် အမေရိကန်တပ်ဖွဲ့ဝင်အပေါ် ယုံကြည်ရန်ခက်ခဲနေကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဒေသခံ ဆာဒါ၏ တပ်ဖွဲ့များအပေါ်မည်သို့ သဘောထားသည်ဆိုသည်ကို မေးမြန်းခဲ့ရာ ဆာဒါသည် မြင့်မြတ်သော အီရတ်တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်ကြောင်း ပြောကြားကြသည်။

ရုပ်မြင် သံကြားသတင်းများအရအာဘူဂရိုက်ရှိ ဖမ်းဆီးထိန်းသိမ်းထားသော အကျဉ်းသားများအား အမေရိကန်တို့က နှိပ်စက်ညှဉ်းပန်းမှုဖြစ်ရပ်များနှင့် ဆီးရီးယားနယ်စပ်အနီး၌ကျင်းပသော မင်္ဂလာဆောင်အခမ်းအနားကို ပစ်ခတ်ရာမှ လူ ၄၀ခန့် သေဆုံးရမှုဖြစ်ရပ်များကြောင့် အမေရိကန်တို့အပေါ် မယုံကြည်ကြဘဲရှိသည်။ မြို့တွင်း တစ်အိမ်တက်ဆင်း ရှာဖွေဖမ်းဆီးမှုများကြောင့် မိခင်များစိတ်ပူပန်နေကြကြောင်းသိရသည်။ **(စီအင်န်အင်န်)**

ဘောလုံးလောကကိုစွန့်ခွာပြီး ကန်တပ်ဖွဲ့သို့ဝင်ရောက်ခဲ့သူ မှားယွင်းပစ်ခတ်ခံရ၍သေဆုံး

နယူးယောက် မေ ၃၀

ဘောလုံးလောကကိုစွန့်ခွာခဲ့ပြီး အမေရိကန်တပ်ဖွဲ့၌ ဝင်ရောက်အမှုထမ်းခဲ့သူ အမေရိကန်ဘောလုံးသမားဟောင်းသည် အာဖဂန်နစ္စတန်၌ လွန်ခဲ့သည့်လကဖြစ်ပွားခဲ့သော အချင်းချင်းမှားယွင်းပစ်ခတ်မှုတွင် သေဆုံးသွားခဲ့ကြောင်း ယမန်နေ့က သတင်းပေါ်ထွက် လာခဲ့သည်။

အမေရိကန်ဘောလုံးသမားဟောင်း ပတ်ထရစ်တီလ်မင်းသည်အရီဇိုနာကာဒီနယ် ဘောလုံးအသင်း၌ ဒေါ်လာ ၃ ဒသမ ၆ သန်းကန်ထရိုက်စာချုပ် ဖြင့် ဘောလုံးကစားခြင်းကို စွန့်လွှတ်ပြီး တစ်နှစ်လျှင် လစာငွေဒေါ်လာ ၁၈၀၀၀ သာရသော အမေရိကန်တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။

တီလ်မင်းနှင့် သူ၏တပ်ဖွဲ့သည်ခို့စ်မြို့အနီး၌ ရောက်ရှိခဲ့ကြရာတွင်ညခုနစ်နာရီခွဲ၌ရန်သူတစ်ဒါဇင်ခန့်က ချုံခိုတိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမကြီးတစ်ခုတွင် အီရတ်ပြောက်ကျားတို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ဘက်ထောက်ပံ့ရေး မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကန်ထောက်လှမ်းရေးများကို စစ်ဆေးမေးမြန်းနည်းများသင်ကြားပေးရန် ဂွာတာနာမိုမှ ကျွမ်းကျင်သူများ အာဘူဂရိုက်သို့ စေလွှတ်ခဲ့

နယူးယောက် မေ ၃၀

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင်ဂွာတာနာမိုဘေးအခြေစိုက်မှ စစ်ဆေးမေးမြန်းရာ၌ ကျွမ်းကျင်သူများကို အီရတ်သို့ လွှတ်ပြီး အာဘူဂရိုက်ရှိ အမေရိကန်ထောက်လှမ်းရေးအဖွဲ့များကို လေ့ကျင့်သင်ကြားရာ၌ အဓိကဆောင်ရွက်ခဲ့သည်ဟု နယူးယောက်တိုင်းမ်က စနေနေ့၌ ရေးသားဖော် ပြသည်။

လုပ်ဆောင်

ဂွာတာနာမိုဘေးရေတပ်အခြေစိုက်မှ ကျွမ်းကျင်အဖွဲ့များသည် အမေရိကန်ဆင်နွှဲသည့် စစ်ပွဲမှ အီရတ်များကို စစ်မေးသည့် အလုပ်ကိုလုပ်ခဲ့ကြပြီးနောက် ဒီဇင်ဘာလ တစ်လျှောက်လုံး အာဘူဂရိုက်၌ စစ်မေးသည့် အလုပ်ကို အဓိကအလုပ်ဆောင်ခဲ့ကြရာ အကျဉ်းသားများကို မတရားနှိပ်စက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံး၌ ထုတ်ဖော်ခဲ့သည့် အီရတ်အကျဉ်းသားများ၏ကိုယ်တုံးလုံးဓာတ်ပုံများကြောင့် အမေရိကန် နိုင်ငံသားတို့ တုန်လှုပ်ချောက်ချားခဲ့ကြပြီး အီရတ်တည်ငြိမ်ရေး အမေရိကန်ကြိုးပမ်းချက်များအပြီး အကြီးအကျယ် အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

စေလွှတ်

စစ်ဆေးမေးမြန်းသည့်အဖွဲ့ငါးဖွဲ့သို့မဟုတ် စစ်ဆေးသူများ ဆန်းစစ်လေ့လာသူများနှင့် အခြားကျွမ်းကျင်သူများပါသော အဖွဲ့ဝင် ၁၅ဦးအား အာဘူဂရိုက်အကျဉ်းထောင်၌ အကျဉ်းသားများကို စစ်မေးရာတွင် အသုံးပြုရန် ဂွမ်တာနာမိုမှ နေ၍ အောက်တိုဘာလ၌ စေလွှတ်ပေးခဲ့ကြောင်း နယူးယောက်တိုင်းမ်က ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

အီးယူ၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံခေါင်းဆောင်များ နိုင်ငံစုံဝါဒနှင့် ကုလအခန်းကဏ္ဍတောင့်တင်းခိုင်မာရေးတိုက်တွန်း

ဂွာဒါလာဂျာရာ မေ ၃၀

တတိယအကြိမ်မြောက် ဥရောပသမဂ္ဂ(အီးယူ)၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးကို မက္ကဆီကိုနိုင်ငံဂွာဒါလာ ဂျာရာမြို့၌ သောကြာနေ့ကဖွင့်လှစ်လိုက်ရာ မက္ကဆီကိုသမ္မတ ဗီဆင်တီဖောက်စ်က နိုင်ငံပေါင်းစုံဝါဒနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍတောင့်တင်းခိုင်မာရေးဆောင် ရွက်ရန် တိုက်တွန်းလိုက်သည်။

ယခုထိပ်သီးအစည်းအဝေးသို့ စုပေါင်းတက်ရောက်နေကြသော ၅၈နိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းနှင့် ကမ္ဘာ့စုစုပေါင်းထုတ်ကုန် (ဂျီဒီပီ)၏ သုံးပုံတစ်ပုံကို ကိုယ်စားပြုကြောင်း အဖွင့်မိန့်ခွန်း၌ ဖောက်စ်က ပြောကြားသည်။

ယန္တရားသစ်

ဈေးကွက်သစ်များ အရေးပါမှုနှင့်တောင့်တင်းခိုင်မာမှုသည် ကမ္ဘာ့စီးပွားရေးတွင် တည်တံ့သော ကြီးပွားဖွံ့ဖြိုးမှု ယန္တရားသစ်ကို မိမိတို့အတွက် ပွင့်စေသည့်ပြင် မိမိတို့ဒေသနှင့် ကမ္ဘာ့ပြည်သူများအားလုံး၏ အနာဂတ်အတွက် မျှော်လင့်ချက်သစ်ဖြစ်ပေါ်စေသည်ဟု ဖောက်စ်က ဆက်လက်ပြောကြားသည်။

အခွင့်အလမ်း

ထို့ပြင်ထိပ်သီးအစည်းအဝေးက ဆင်းရဲနွမ်းပါးမှု၊ အကြမ်းဖက်မှု၊ စနစ်တကျကျူးလွန်သော ရာဇဝတ်မှု၊ ပတ်ဝန်းကျင်အဆင့်နိမ့်ကျမှုနှင့် အဖျက် စွမ်းအားကြီးမားသော လက်နက်များကို တိုက်ဖျက်မှုအား ခိုင်မာတောင့်တင်းစေသည့် အခွင့်အလမ်းတစ်ရပ်ကိုလည်းပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ်ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

■ ရှေ့ဖုံးမှ

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လုံခြုံရေးကို အလေးပေးဆောင်ရွက်ရေးကိစ္စ၊ အစုအဖွဲ့အစည်းအဝေးများ ကျင်းပခြင်းကိစ္စ၊ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် စာတမ်းများပြုစုခြင်းကိစ္စ၊ စုံညီအစည်းအဝေးများ ကျင်းပခြင်းကိစ္စ၊ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးကိစ္စ၊ ကိုယ်စားလှယ်များ၏ စားသောက်ရေးကိစ္စ၊ အားကစားလှုပ်ရှားမှုပြုလုပ်ရေးကိစ္စနှင့် ကိုယ်စားလှယ်များ စာအုပ်စာတမ်းများဖတ်ရှုလေ့လာနိုင်ရေးကိစ္စ စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကိစ္စများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အစုအဖွဲ့နှင့် စုံညီအစည်းအဝေးများ ကျင်းပခြင်းကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကိုယ်စားလှယ်များ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်း ပ ရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆွေးနွေးတင်ပြ

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ သဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ သဘာပတိအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များမှ သဘာပတိအဖွဲ့ဝင်များက မိမိတို့အစုအဖွဲ့ အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။ ဆက်လက်၍အစည်းအဝေးသို့တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက်သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သန်လျင်မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် အမှတ် ၂၄ သိပ္ပံလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၁၂၆)၏ နှစ်စဉ်ကျင်းပအပ်သော ခုနစ်ရက်တရားစခန်းပွဲကို ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ဓမ္မကထိကဆရာကြီး ဦးဆန်းတင့်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားပေးမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဝံသာနုသတင်းလွှာအတွဲ ၁၃၊ အမှတ် ၁၁ ထုတ်ဝေ

ရန်ကုန် မေ ၃၁

ကျင်းပဆဲ အမျိုးသားညီလာခံနှင့် ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသော မျက်နှာဖုံးပုံရိပ်ဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၁)ကို ယနေ့ထုတ်ဝေလိုက်ကြောင်း သိရသည်။

ဝံသာနုသတင်းလွှာတွင်ရှေးဟောင်းကျောက်ခေတ်လူသားများ နေထိုင်ခဲ့ရာ လင်းနို့ဂူ၊ ရခိုင်ပြည်နယ်မှ မိုးဦးလေဦးနှင့် လေပြင်းမုန်တိုင်း၊ သီလဝါကျေးရွာမှ တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ၊ ပလက်ဖောင်းပေါ် ဆင်ဆာမဲ့ဗွီစီဒီရောင်းချသူများ ရှာဖွေဖမ်းဆီး၊ မန္တလေးတိုင်း ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ တရားမဝင်သစ်များနှင့် သစ်စက်အင်ဂျင်များ၊ ဘိလိယက်ခုံကစတဲ့ရန်ပွဲ လူတစ်ဦးသေဆုံး၊ မော်လမြိုင်တွင် အချိုရည်အတုများဖမ်းဆီး၊ ပိုင်ရှင်ပျောက်နေသော ဓာတ်ဆီနှင့် ဒီဇယ်အိတ်များ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပါပြီ(၄) စသော ပြည်တွင်းသတင်းများနှင့် ဆောင်းပါးများအပါအဝင် အမေရိကန်အကျဉ်းထောင် အာဏာပိုင်တို့၏ ထူးထွေသည့် အံ့ဖွယ်လုပ်ရပ်၊ အမေရိကန်နှင့် အပေါင်းပါတို့ ထိတ်လန့်တုန်လှုပ်သွားသော ဘင်လာဒင်၏ အသံသွင်းတိပ်ခွေ၊ အမေရိကန်သမ္မတဘုရှ်နှင့် မက္ကဆီကိုသမ္မတတို့အား မက္ကဆီကိုပြည်သူများ ဆန္ဒပြဆန့်ကျင်၊ နာဂျာဖ်အီရတ်ပြောက်ကျားများ အမေရိကန်နှင့် အပေါင်းပါတို့ကို အပြင်းအထန်တိုက်ခိုက်နေ၊ ပြည်တော်ပြန် အကြမ်းဖက်သမားလေးဦး၊ ဝီလျံနှင့် သူ၏ချစ်သူ၊ ဘုရင်မကြီးချစ်တဲ့ ချွေးမချော၊ အပြုံးကိုယ်စီနှင့် မယ်စကြဝဠာလောင်းများ စသည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် နယုန်လဆန်း ၁၄ရက် (အဖိတ်နေ့)

၁–၆–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Gammer made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ အိမ်တွင်းမှုသိပ္ပံတိုင်းရင်းသားရိုးရာ အစားအစာ(မွန်)
၁၇:၃၅ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၄၅ ၉။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၇:၅၅ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
၁၉:၂၀ ၁၄။ ကြေးမုံရိပ်သွင်တေးနှယည်
၁၉:၃၀ ၁၅။ ကွမ်းလုံခရိုင်ဒေသဖွံ့ဖြိုးရေးအစီအစဉ်(ဘိန်းအစားထိုးသီးနှံ ရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်း)
၁၉:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း–၄၂)

● *ကျောဖုံးမှ*

ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများနှင့် တပ်မတော်ဆေးရုံ ကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မှတ်တိုင်တစ်ရပ်အဖြစ်တည်ရှိ

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့ကြောင်း၊ ယနေ့ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားသည် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးသမိုင်းမှာ မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ စောင့်ကြပ်ကြည့်ရှုသတိပြုမိသည်နှင့်အညီ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆုကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအား ချီးမြှင့်ခဲ့သည့်အတွက် ယနေ့ ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသည် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံပြီး မြန်မာနိုင်ငံ ကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိနေမှာဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှချီးမြှင့်သော ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jost က ပေးအပ်စဉ်။

(သတင်းစဉ်)

ထိန်းချုပ်ရေးလုပ်ငန်းအရှိန်မြှင့်

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အန္တရာယ်အမျိုးမျိုး ကျရောက်စေနိုင်ကြောင်း၊ အများပြည်သူများသိမြင် သဘောပေါက် ရှောင်ကြဉ်နိုင်စေရန် အတွက် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြောင်း၊ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေး စီမံချက်အနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမျိုးသားဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီတစ်ရပ်ကို ၂၀၀၂ ခုနှစ်အတွင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး နီးနွယ်သောဌာနဆိုင်ရာအကြီးအကဲများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများက အဖွဲ့ဝင်အဖြစ် ပါဝင်ကြကြောင်း၊ ဤအဖွဲ့ကြီး၏ ဦးဆောင်မှုပူးပေါင်းဆောင်ရွက်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လာနိုင်ကြောင်း။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလအတွင်းက အရှေ့တောင်အာရှဒေသ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေး အထိမ်းအမှတ် မီးရှူးတိုင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိရပ်နားခဲ့ကြောင်း၊ မီးရှူးတိုင်ကို ပြည်သူတစ်ရပ်လုံးက ကြီးကျယ်ခမ်းနားစွာ ကြိုဆိုခဲ့ကြပြီး မီးရှူးတိုင်ရပ်နားစဉ် ရက်သတ္တနှစ်ပတ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးရေး ပညာပေး လှုပ်ရှားမှုများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း၊ အဆိုပါ လှုပ်ရှားမှုကြောင့် ပြည်သူလူထုအတွင်း ဆေးလိပ်အန္တရာယ်ကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်လာကြပြီး ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ဆေးလိပ်အန္တရာယ်ပညာပေးလှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ပညာပေးသင်ခန်းစာထည့်သွင်း

အမျိုးသားကျန်းမာရေးကော်မတီနှင့် အမျိုးသားဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီတို့၏ လမ်းညွှန်မှုဖြင့် ဆေးလိပ်ကြော်ငြာ ဆိုင်းဘုတ်များကို သက္ကရာဇ် ၂၀၀၂ခုနှစ်တွင် ကန့်သတ် ပိတ်ပင်တားမြစ်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆေးလိပ်၊ စီးကရက်ကြော်ငြာများကို ကန့်သတ်ပိတ်ပင်တားမြစ်ခဲ့ပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုတော့ကြောင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများကို ဆေးလိပ်မသောက်ရ နယ်မြေများအဖြစ် သတ်မှတ်ထူထောင်ခဲ့ကြောင်း၊ ထို့အပြင် ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ဆေးလိပ်အန္တရာယ် ပညာပေးသင်ခန်းစာများ ထည့်သွင်းသင်ကြားစေခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ရေးဆွဲခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက် ဆွေးနွေးခဲ့ကြသည့်ပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ရန်ကုန်ကြေညာ စာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ ယင်းကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ၂၃ရက်တွင်သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီ ၂၀ရက်နေ့တွင် အတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ခဲ့ကြောင်း။

ဆွေးနွေးပွဲအသွင်ဖြင့်ရှင်းလင်းတင်ပြ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ဗဟိုအဆင့်တွင်သာမက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်များတွင်ပါ နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ "ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ" (Tobacco Control and Poverty) ဖြစ်ကြောင်း၊ ဤဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကုန်ကျရသော စရိတ်စကများသည် ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများတွင်

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Sanlee Plian-bangchang ထံမှပေးပို့သော ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲချို့တဲ့မှု၏အရင်းခံအကြောင်းတရားတစ်ရပ် ဖြစ်စေနိုင်ကြောင်း မီးမောင်းထိုးပြလိုခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးဦးစီးဌာနမှ ၂၀၀၄ခုနှစ်အတွင်း ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှုနီးနွယ်ခြင်းဆိုင်ရာ သုတေသနတစ်ရပ်ကိုပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ သုတေသနတွေ့ရှိချက်များကို ယခုလ ၁၀ရက်နေ့တွင် အလုပ်ရုံဆွေးနွေးပွဲအသွင်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုကြောင့် ရောဂါဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီ စောစီးစွာ သေဆုံးကြရခြင်းတို့ကို မှတ်တမ်းမှတ်ရာများဖြင့် ကောင်းစွာမှတ်တမ်းတင်ထားကြသော်လည်း ဆေးလိပ်သောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှု အကြား နီးနွယ်မှုကို အာရုံစိုက်မှု အားနည်းခဲ့ကြောင်း။

ကမ္ဘာ့အရပ်ရပ်မှာ ပြုလုပ်ထားသည့် သုတေသနများအရ လည်းကောင်း၊ မြန်မာနိုင်ငံမှာဆောင်ရွက်ခဲ့သော သုတေသနများအရ လည်းကောင်း၊ ဆေးလိပ်သောက်ခြင်း၊ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းစသည့် အလေ့အထတို့ကို ဝင်ငွေနည်းပါးသော မိသားစုများမှာ ပိုမိုပြီးတွေ့ရှိရကြောင်း။

အာဟာရပိုမိုပြည့်ဝမည်

လူအများ နေ့စဉ်သုံးစွဲနေသော ဆေးလိပ်နှင့်ကွမ်းဆေးဖိုးကို အမှုမဲ့အမှတ်မဲ့ ရှိနေကြသော်လည်း စနစ်တကျ တွက်ချက်ကြည့်ပါက မိသားစုအသုံးစရိတ်ပေါ်တွင် များစွာထိခိုက်လာတာတွေ့ရှိရကြောင်း၊ ဆေးလိပ်နှင့်ကွမ်းဆေးဖိုးကုန်ကျငွေကို မိသားစုဝင်များ အထူးသဖြင့် ကလေးသူငယ်များအတွက် အာဟာရဖြစ်မည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စသည်တို့အဖြစ် ပြောင်းလဲအသုံးပြုမည်ဆိုလျှင် မိသားစုအတွက် အာဟာရပိုမိုပြည့်ဝလာမည်ဖြစ်ကြောင်း။

ဆေးလိပ်နှင့်ကွမ်းဆေးဖိုးကုန်ကျစရိတ်အပြင် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းဆေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါစသည့် ရောဂါမျိုးစုံအတွက် ကုန်ကျရသည့် စရိတ်စကများမှာလည်း ကြီးမားလှကြောင်း၊ ဆေးလိပ် စီးကရက်များကို အမှတ်တမဲ့ လွှင့်ပစ်ခြင်းကြောင့် ပေါ့ဆမီးမှ မီးလောင်ကျွမ်း၍ အသက်အိုးအိမ်၊ စည်းစိမ်များစွာဆုံးရှုံးရသည့် သာဓကများမှာလည်း အထင်အရှားရှိကြောင်း။

သို့ဖြစ်၍ ဆေးလိပ်သောက်ခြင်း၊ ကွမ်းဆေးစားခြင်း စသည်တို့သည် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အဟန့်အတားတစ်ခုဖြစ်နေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ မီးမောင်းထိုးပြလိုသဖြင့် ယခုကဲ့သို့ ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရဟူသောဆောင်ပုဒ် ကို ရွေးချယ်သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ပြည်သူလူထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပေါ်စေသည့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဘေးဒုက္ခ အသွယ်သွယ်ကို ကျယ်ပြန့်စွာ သိရှိနားလည်ရှောင်ကြဉ်ထိန်းချုပ်နိုင်စေရန် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ဗဟိုအဆင့်တွင်သာမက ပြည်နယ်နှင့်တိုင်းအဆင့်များတွင်ပါ တစ်ပြိုင်နက်တည်း ကျင်းပသွားမည် ဖြစ်ပါကြောင်း။

မီးမောင်းထိုးပြ

နိုင်ငံတော်အဆင့်မှာလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုနှင့် နီးနွယ်သည့်ရောဂါများကြောင့် ကျန်းမာရေးကုန်ကျစရိတ် ပိုမိုကြီးမားခြင်း၊ ကုန်ထုတ်လုပ်အားဆုံးရှုံးခြင်း စသည့် နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးမှ ရရှိသောအခွန်အခများထက် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နစ်နာရသည့် ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဒုက္ခများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ်များက ပိုမို၍ကြီးမားကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ ဆောင်ပုဒ်သည် ပြည်သူလူထုအတွင်းတွင်လည်းကောင်း၊ နိုင်ငံတော်အဆင့်တွင် လည်းကောင်း စီးပွားရေးအရ ထိခိုက်နစ်နာနေမှုကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ကြောင်း။

ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုသည်ဝင်ငွေနည်းပါးသောမိသားစုဝင်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းသောက်သုံးမှုထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုပြီးသည့် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးသည့်ပြဿနာကို လျော့နည်းကျဆင်း

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ယမိုက်+ပဋ္ဌာန်းအထူးသင်တန်းဆင်းပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပူဇော်

ရန်ကုန် မေ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါစာသင်တိုက်ရှိ အာဟာရဒါယီ နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပူဇော်သည်။



မေ၃၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲ အခမ်းအနား၌ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား အမှတ်(၅၆) ဘဒ္ဒန္တကေသရအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် တပည့်ဒါယကာဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ဖွင့်လှစ်ခဲ့သည့် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းဆင်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှစ်ပါးသီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ သင်တန်းနည်းပြ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသကသင်တန်းဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သင်တန်းသား အမှတ်(၁၇၂)မွန်ပြည်နယ် ရေးမြို့နယ်မှ ဘဒ္ဒန္တ ပညာသာမိ က သင်တန်းသား သင်တန်းသူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်လျှောက်ထားသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ဆက်လက်၍နွေရာသီယမိုက်+ပဋ္ဌာန်း အထူးသင်တန်း သင်တန်းနည်းပြ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တတိလောကာ ဘိဝံသက သင်တန်းသား အမှတ်(၁၄၁) အိန္ဒိယနိုင်ငံမှ သင်တန်းသား ရဟန်းတော် ဘဒ္ဒန္တ တိဿမေဓ္ဓနှင့် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသား အမှတ်(၅၆) ဘဒ္ဒန္တ ကေသရအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူး သင်တန်းကြီး၏ သင်တန်းဖွင့်ပွဲ/ဆင်းပွဲ ဆွမ်းအလှူရှင် ရန်ကုန်တိုင်း မ–ထ–သ မိသားစုအား လည်းကောင်း၊ သုံးရက်တာ ဆွမ်းအလှူရှင် (ဦးချစ်ဝင်း)ဒေါ်မြမြ သားသမီး မြေးတစ်စုတို့အား လည်းကောင်း၊ တစ်နေ့တာဆွမ်းအလှူရှင် ဦးကျင်စိန်–ဒေါ်နီနီအေး သမီး မမော်လီလင်းတို့အား လည်းကောင်း၊ နေ့ဆွမ်းလေးပတ် အလှူရှင်များဖြစ်ကြသော ရွာမ အနောက်ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာမ အလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကုန်းအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဈေးကုန်းအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပိန္နဲကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့သစ် က/ခ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အားလည်းကောင်း၊ နေ့ဆွမ်း သုံးပတ် အလှူရှင်များ ဖြစ်ကြသော ပေါက်တောရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကွက်သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကန္တား အလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကန္တားအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊နံ့သာကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရွာမအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဖော့ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အား လည်းကောင်း ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၃၀ ရက်က အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ရွှေဘိုဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းသို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှ သင်တန်းသား ရဟန်း၊ သာမဏေအပါး ၇၅၀၊ သင်တန်းသူသီလရှင် ၄၅ ပါးနှင့် လူပုဂ္ဂိုလ်ငါးဦး စုစုပေါင်း ၈၀၀ တက်ရောက် သင်ကြားတော်မူခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အင်းစိန်မြို့နယ်ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးရှိ အမှတ် (၁၀) အခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးနေမှုတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။ **(သတင်းစဉ်)**

စေမည့် နည်းလမ်းများကို ပိုမိုအားသွန်ခွန်စိုက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jostက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Sanlee Plian-bangchang ထံမှပေးပို့သော “၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့”သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှချီးမြှင့်သော “၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆု”ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Stephan Jost ကပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် “၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့”အထိမ်းအမှတ် “ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ”ဆောင်ပုဒ် ပညာပေးအစီအစဉ်ကို တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြခန်းကြည့်ရှု

အခမ်းအနားအပြီးတွင် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့် “၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့” အထိမ်းအမှတ် ကျန်းမာရေး ပညာပေးပြခန်းငယ်ကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ခက်သင်ရွာဝေဇယန္တာကျောင်း မိုးကုတ်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မေ ၃၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ခက်သင်ရွာ ဝေဇယန္တာကျောင်းတိုက်၏ (၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ပထမဝါဆိုလဆန်း၃ရက်မှ ၉ရက် (ဇွန်၁၉ရက်မှ၂၅ရက်)အထိ ကျင်းပမည်ဖြစ်ပြီး တရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန် ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ (B.Sc, Phy)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

သဂြိုဟ်မေးကွက် အတွဲ(၂) ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိကအာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင် စန္ဒဓောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ်ရေးသားပြုစုထားသော သဂြိုဟ်မေးကွက် အတွဲ(၂)ကျမ်းစာအုပ်များကို ကျမ်းပြုဆရာတော်များကိုယ်တိုင် စာသင်တိုက်များသို့ ဆရာကိုင်အဖြစ် လှူဒါန်းပွဲကို ၁၃၆၆ခုနှစ် နယုန်လဆန်း(၁၁)ရက် (မေ ၂၉ရက်)တွင် အောင်သိဒ္ဓိကျောင်း၌ ကျင်းပရာ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့များမှ စာသင်တိုက်ဆရာတော်များကိုယ်စား တပ်ကုန်း ဦးဓမ္မသာမိက လက်ခံရယူကြောင်း သိရသည်။ **(က-ပ)**

သားငါးပွဲ့ဖြိုး ပြည့်အကျိုး

ထူးမြတ်သော နယုန်လပြည့်နေ့

ဦးကျော်စိန်(မန္တလေး)

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် **နယုန်လ** သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလေးအမြတ်ထားသတ်မှတ်အပ်သောလဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် နယုန်လပြည့်နေ့၌ အံ့သြဖွယ်ကောင်းလှအောင် များပြားလှသော နတ်၊ဗြဟ္မာ၊ပရိသတ်တို့ စည်းဝေးရောက်ရှိစဉ် **မဟာသမယသုတ်** တရားတော်ကို ဟောကြားတော်မူသည်။ ဟောကြားတော်မူခြင်း၏ အကြောင်းရင်းမှာ-

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် စတုတ္ထဝါအရောက်၌ မဇ္ဈိမဒေသတွင် ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်မင်းတို့သည် ရောဟဏီမြစ်ရေရရှိရေးကို အကြောင်းပြု၍ စစ်ခင်းရန်စစ်မြေပြင်သို့ စုရုံးချီတက်ခဲ့ကြ၏။ ထိုအချိန် မြတ်စွာဘုရားကြွရောက်တော်မူလာပြီး ငြိမ်းချမ်းရေးကိုရှေးရှု၍ ရန်ပြေမာန်ပြေ တရားတော်တို့ကို ဟောကြားတော်မူရာ နှစ်ပြည်ထောင်မင်းတို့သည် မြတ်စွာဘုရားရှင်၏ တရားတော်ကြောင့် အသိဉာဏ်အမြင်မှန်ရကာ ပြေငြိမ်းအေးချမ်းခြင်းသို့ ရောက်ရှိကြသည်။ တစ်ဖက်လျှင် နှစ်ရာ့ငါးဆယ်စီ နှစ်ပြည်ထောင်မင်းသားငါးရာတို့သည် မြတ်စွာဘုရားသာသနာတော်သို့ဝင်၍ ရဟန်းပြုကြ၏။

ထိုရဟန်းတို့သည် သာသနာတော်၌ မပျော်ပိုက်ကြသည်ကို မြတ်စွာဘုရားရှင်သိတော်မူ၍ ရဟန်းငါးရာတို့အား ဟိမဝန္တာတောအတွင်းရှိ အလွန်မွေ့လျော်ဖွယ်ရာကောင်းသော ကုဏာလအိုင်သို့ ခေါ်ဆောင်ကာ ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော ကုဏာလငှက်မင်း၏ ဇာတ်ကြောင်းကို ဟောကြားတော်မူသည်။ ဇာတ်တော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပတ္တိဖိုလ်၌တည်လေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ငါးရာတို့နှင့်အတူ ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်တောသို့ ကြွချီတော်မူ၍ ထိုရဟန်းငါးရာတို့အား ကမ္မဋ္ဌာန်းကိုပေးတော်မူရာ မကြာမြင့်မီသောကာလ၌ပင် ထိုရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိတော်မူကြသည်။

ရဟန်းတော်ငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးကိုလျှောက်ထားရန်နှင့် မြတ်စွာဘုရားကို ဖူးမြော်ရန် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် မြတ်စွာဘုရားထံသို့ စုရုံးရောက်ရှိလာကြ၏။ ဤကဲ့သို့ ထူးခြားသောသံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ဖူးတွေ့ ကြည်ညိုလိုကြကုန်သော နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးတို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိကြ၏။ ဤသို့ ပရိသတ်များစုံလင်စွာ စုဝေးမိသောအချိန်တွင် မြတ်စွာဘုရားရှင်သည် တရားနာရန် ရောက်ရှိနေကြသော နတ်၊ ဗြဟ္မာများ၏အမည်၊ အမျိုးအနွယ်တို့ကို ရဟန္တာငါးရာနှင့် နတ်၊ ဗြဟ္မာများအား သိစေလို၍ နတ်၊ ဗြဟ္မာတို့အား အမျိုးတူအလိုက် စုပေါင်းကာ အမည်၊ အမျိုးအနွယ်တစ်ခုချင်းစီကို ဖော်ထုတ်ပြီး နှုတ်ခွန်းဆက်စကားမိန့်ကြားတော် မူခြင်းဖြစ်သည့် **မဟာသမယသုတ်** တရားတော်ကို ဟောကြားတော်မူသည်။

ဤကဲ့သို့ နတ်၊ ဗြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို **မဟာသမယ** ဟုခေါ်၍ နတ်၊ ဗြဟ္မာအစည်းအဝေး၌ အမည်၊ နာမ၊ အမျိုးအနွယ်တို့ကို ထုတ်ဖော်မြွက်ကြားနှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားတော်မူသော စကားများကို **မဟာသမယသုတ်** ဟုခေါ်ဆိုပါသည်။ ဤ **မဟာသမယသုတ်** တရားတော်ကို ဟောကြားပြီးနောက် မြတ်ဗုဒ္ဓသည် နတ်၊ ဗြဟ္မာတို့၏ စရိုက်အားလျော်စွာ-

(၁) "ရာဂ" စရိုက် အားကြီးသူအတွက် "သမ္မာပရိဗ္ဗာဇနိယသုတ်"
(၂) "ဒေါသ" စရိုက် အားကြီးသူတို့အတွက် "ကလဟဝိဝါဒသုတ်"
(၃) "မောဟ" စရိုက် အားကြီးသူတို့အတွက် "မဟာဗျူဟသုတ်"
(၄) "ဝိတက်"စရိုက် အားကြီးသူတို့အတွက် "စူဠဗျူဟသုတ်"
(၅) "သဒ္ဓါ"စရိုက် အားကြီးသူတို့အတွက် "တုဝဋကသုတ်"
(၆) "ပညာ"စရိုက် အားကြီးသူတို့အတွက် "ပုရာဘေဒသုတ်"

တရားတော်တို့ကို ဟောကြားတော်မူသည်။

တရားတော်မြတ်အဆုံးတွင် နတ်၊ ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်စသည်တို့သို့ရောက်ရှိကြကုန်သော နတ်၊ဗြဟ္မာတို့၏အရေအတွက်ကား ဂဏန်းချ၍ မပြနိုင်လောက်အောင် များပြားလှ၏ဟု အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်။ ထို့အပြင် "မဟာသမယသုတ်"ကို နတ်တို့သည် ချစ်ခင်နှစ်သက် မြတ်နိုးကြ၏။ နတ်တို့သည် "မဟာသမယသုတ်"ကို နာကြားကုန်အံ့ဟူ၍ ရှေးရှုထားအပ်သော နားဖြင့် သွားလာလှည့်လည်နေကြ၏။ မြို့သစ်၊ရွာသစ်၊တိုက်သစ်၊အိမ်သစ်၊အိုးသစ် ထူထောင်ခြင်းစသော မင်္ဂလာအခမ်းအနားတို့၌ "မဟာသမယသုတ်"ကို ရွတ်ဖတ်သရဇ္ဈာယ်သင့်ကြောင်း အဋ္ဌကထာဆရာအရှင်မြတ်က ထုတ်ဆောင်ဖွင့်ပြထားသည်။

သို့ပါ၍ "နယုန်လပြည့်နေ့"သည် ငြိမ်းချမ်းရေး မှတ်တိုင်အဖြစ် စိုက်ထူနိုင်သော သာသနာ့သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်သည့်အပြင် "နယုန်လပြည့်နေ့"ကို အလေးအမြတ်ထား သတ်မှတ်ရန် ထူးခြားချက်များ အဖြစ်-

(၁) ရေလုပွဲကြီးဆင်နွှဲကြသော နှစ်ပြည်ထောင်သားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းရှင်း၍ ထူးခြားခြင်း၊
(၂) ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် စစ်ခင်းတော့မည့်ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေး ရသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၃) ရဟန်းတော် ငါးရာလုံး ရဟန္တာချည်း ဖြစ်တော်မူသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၄) နတ်၊ဗြဟ္မာ၊အသူရာနှင့် ဂဠုန်၊နဂါးများ၊ရဟန်းတော်များ ဤတစ်ကြိမ်သာ စုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၅) မဟာသမယကို အကြောင်းပြု၍ ရန်ဘက်ဖြစ်သော ဂဠုန်နှင့်နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း၊
(၆) မဟာသမယဆိုင်ရာသုတ္တန် ခုနစ်မျိုးကို မြတ်ဗုဒ္ဓ ဟောကြားသောနေ့ ဖြစ်၍ ထူးခြားခြင်း

တို့ဖြစ်ပါသည်။

ထို့ကြောင့် ဤထူးခြားချက်များကို အာရုံပြုပြီး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် **နယုန်လပြည့်နေ့**တွင် **မဟာသမယသုတ်** တရားတော်ကို နာယူကြ၍ ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါသည်။ ။

ရေသန့်စက်ရုံတည်ဆောက်ရန်နှင့် ရေပိုက်လိုင်းသစ်သွယ်တန်းရန် ငွေလှူဒါန်း

ရန်ကုန် မေ ၃၁

၁၃၄၂ခုနှစ် ဗုဒ္ဓဟူးနေ့မှ စတင်တည်ထောင်၍ ယနေ့တိုင် သီတဂူရေအလှူတော်သည် စစ်ကိုင်းတောင်ရိုး ရှစ်စတုရန်းမိုင် ဧရိယာအတွင်းရှိ ချောင်ပေါင်း ၈၇၀ ကျော်၊ ရဟန်း၊ သာမဏေ၊သီလရှင် ၉၀၀၀ ကျော်တို့ သောက်သုံးရန် ဧရာဝတီမြစ်ရေ တစ်နေ့လျှင် ဂါလန် ငါးသိန်း နေ့စဉ်အလုံအလောက် ပေးလှူလျက်ရှိသည်။

ယခုအခါ ဧရာဝတီမြစ်ရေကို ရေသန့်ရေအဖြစ်သန့်စင်ပြီး သီတဂူရေသန့်အလှူတော် အဆင့်မြှင့်ဆောင်ရွက်လှူဒါန်းမည်ဖြစ်ပါသဖြင့် ရေသန့်စက်ရုံ တည်ဆောက်ခြင်း၊ရေပိုက်လိုင်းသစ်သွယ်တန်းတပ်ဆင်ခြင်းနှင့် ရေလှောင်ကန်ကြီးများပြင်ဆင်မွမ်းမံရန်အတွက် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်အဓိပတိကျောင်းဆောင်တွင် မန္တလေးမြို့မှ သီတဂူကျောင်းဒါယကာ၊ ဒါယိကာမများက သိန်း ၁၀၀ စုပေါင်းလှူဒါန်းကြရာ သီတဂူအရှင် ဒေါက်တာဉာဏိဿရဆရာတော်က ရေစက်ချအနုမောဒနာတရားချီးမြှင့်ကြောင်း သိရသည်။

(က-ပ)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွှန့်မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်စိုက်ခင်းအတွင်း ပန်းအလှပင်၊ ပန်းအလှ ပျိုးပင်များ စိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မေ ၁ ရက်က မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများနှင့်အတူ ပျိုးဥယျာဉ်အတွင်း ပျိုးထုပ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။
(က-ပ)

မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ မိတ္တူကူးစက် တစ်လုံးပေးအပ်လှူဒါန်းပွဲကို မေ ၂၈ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်း၊အဖွဲ့ဝင်(၂)တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်နှင့်တာဝန်ရှိသူများ၊ အလှူရှင် လီယိုကွန်ပျူတာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ဇနီး ဒေါ်ခင်လှမြင့်နှင့် မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဦးခင်မောင်ကျော်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအတွက် ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ Canon 1215 အမျိုးအစား မိတ္တူကူးစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွား/ကူးသန်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း မအူပင်မြို့နယ် ငါးမွေးမြူရေးကန်များ တူးဖော်ပြီးစီးမှုစစ်ဆေး

ရန်ကုန် မေ ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၃၆ ဧက ငါးမွေးမြူရေးကန်များ တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ငါးကန်များ တူးဖော်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာရှိ ဝန်ကြီးဌာန၏ ဧက ၁၀၀ ငါးမွေးမြူရေးကန်သို့ ရောက်ရှိရာ တာဝန်ခံဒုတိယဗိုလ်မှူးကြီးစန်းလွင်က ငါးမျိုးများ ထည့်ထားမှုနှင့် ကြီးထွားမှုအခြေအနေ၊ ငါးကန် ရေဝင်ရေထွက်ပေါက်များ ပြင်ဆင်နေမှု အခြေအနေနှင့် ငါးဖမ်းမှုတို့ကို ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဂေဇက်အတွဲ(၁) အမှတ် (၃)ဖြန့်ချိ

ရန်ကုန် မေ ၃၁

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ်အတွဲ(၁)၊ အမှတ်(၃)ကို ဖြန့်ချိထားသည်။

နိုင်ငံခြားကို ကိုယ်ပိုင်ရုပ်ရှင်တိုလေးတွေပို့မလား၊ ရွှေတွင်းများ၌ ဆိုင်ယာနိုက်သုံးခြင်းတားမြစ်၊ ရေသတ္တဝါများ၏အခွံမှ ခိုင်တိုစန်ပေါ်လီမာ စီးပွားဖြစ်ထုတ်နိုင်၊ ကုန်သွယ်ရေးအားကောင်းနေသည့် မောင်တော၊ နှစ်ဆယ့်တစ်ရာစုသည် အိန္ဒိယရာစုဖြစ်စေရမည်ဟု ဝန်ကြီးချုပ်သစ်ကြုံးဝါး၊ ထိုင်းဘောလုံးလောကလီဗာပူး ရှယ်ယာပိုင်ရုံနှင့် အကျိုးထူးကြီးရဖွယ်မရှိ၊ အဲအေးရှားအရင်းကျေလုနီးပြီ စသည့် ပြည်တွင်းပြည်ပစီးပွားရေးသတင်းနှင့် ဆောင်းပါးများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်သတင်းစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးဘိုသိန်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ၅၃ဦးတို့ တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ၆၄ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

စာတမ်းများတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ ဒေါက်တာကိုလေး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးဦးစိန်ကြည်နှင့် ပဲခူးတိုင်း တရားသူကြီးဦးဝင်းတင်တို့က အကြံပြုစာတမ်းများကို အသီးသီး တင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက်၉နာရီ မိနစ် ၅၀တွင် ရပ်နားလိုက်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးလှမြင့်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးပါတီမှ ဦးစံသာအောင်နှင့် ကိုးကန့်ဒီမိုကရေစီ နှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်ကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်ကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်သည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့်၈၆ဒသမ၆၇ရှိသဖြင့်အစည်းအဝေး အထမြောက်ကြောင်းနှင့်အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဦးမောင်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

စာတမ်းများဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးတင်ပြချက် စာတမ်းကို ယင်းတို့၏ကိုယ်စား ညီလာခံကိုယ်စားလှယ် ဦးသိန်းထွန်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင်ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်နှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၈ဦးလုံး ရာခိုင်နှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၂)မှ အကြံပြုရေးသားတင်ပြသည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ အခွန်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း စာတမ်းကို ဧရာဝတီတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါ်ခင်စောမူနှင့် မွန်ပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမင်းမြင့်မောင်တို့က ဖတ်ကြားဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ စာတမ်းပြုစုရေးအဖွဲ့ငယ်(၁)မှ အကြံပြုရေးသားတင်ပြသည့် ကာကွယ်ရေးနှင့် လုံခြုံရေး ကဏ္ဍနှင့် နိုင်ငံခြားရေးကဏ္ဍ၊ ဥပဒေပြုစာရင်းတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များ စာတမ်းကို မန္တလေးတိုင်းမှ အလုပ်သမား ကိုယ်စားလှယ် ဦးသန်းဝင်း၊ ကချင်ပြည်နယ်မှ အလုပ်သမားကိုယ်စားလှယ် ဦးမရန်တန်ဂွန်းနှင့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးသန်းမြင့်တို့က ဖတ်ကြားဆွေးနွေး တင်ပြကြသည်။

အဆိုပါ ဖတ်ကြားဆွေးနွေးတင်ပြသည့် စာတမ်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဦးမောင်နီနှင့် ရန်ကုန်တိုင်းမှ အလုပ်သမားကိုယ်စားလှယ် ဒေါက်တာမျိုးသန့်တင်တို့က ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့ကဆောင်ရွက်ကြသည်။

အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုဆိုင်ရာကဏ္ဍနှင့်ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးလှတင်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ ဦးအနက် ၁၀၈ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၀၈ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်း

စာမျက်နှာ ၁၂ ကော်လံ ၁

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

1-6 (11).p65 1 03/24/1905, 8:51 PM

ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာကော်မတီ အစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ (၃၆)ကြိမ်မြောက် အစည်းအဝေး (The 36 th Metting of the United National Committee on the Rights of the child)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ (ယာပုံ)

ကြိုဆိုနှုတ်ဆက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့်ဒေါ်ခင်ခင်ဝင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) ဌာနေကိုယ်စားလှယ် Ms. Carroll C.longကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဖွဲ့ဝင်များ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ညို၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မှ ရဲမှူးကြီးစစ်အေး၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်း၊ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်လေးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၁၁ မှ

ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကဏ္ဍအလိုက် လေ့လာရေးစာတမ်းပြုစုရေးအဖွဲ့ငယ်များက အကြံပြု စာတမ်းများကို အသီးသီး ဖတ်ကြား တင်ပြကြရာ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍဆိုင်ရာ စာတမ်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသန်းညွန့်က လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာစာတမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဝင်းကြည်ကလည်းကောင်း၊ လူမှုရေးကဏ္ဍဆိုင်ရာ စာတမ်းကို အားကစားဝန်ကြီးဌာနမှ ဦးသောင်းထိုက်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စာတမ်းများအပေါ် အကြံပြုဆွေးနွေးကြပြီး အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက်၁၁နာရီ ၃၅မိနစ်တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့လည်း တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက သဘာပတိအဖွဲ့ထံ ပေးအပ် တင်ပြထားသည့် အကြံပြု ဆွေးနွေးတင်ပြချက် စာတမ်းနှစ်စောင်ကို သဘာပတိအဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင်များက အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ အစည်းအဝေးကို ဇွန် ၁ ရက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရန် သတ်မှတ်ကြပြီး သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို နံနက်၁၀နာရီ မိနစ် ၂၀တွင် ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုံတင်ဆဲရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇ နာရီမှ စတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ကြည့်ရှုအပန်းဖြေ

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး ရုပ်ရှင်သရုပ်ဆောင် ရန်အောင်၊ ကျော်ရဲအောင်၊မျိုးသန္တာထွန်း၊ခိုင်နှင်းဝေတို့ခေါင်းဆောင်ပါဝင်သည့်‘ပေးဆပ်သူတို့နှလုံးသား’ရုံတင်ပြသဆဲဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်တည်ငြိမ်လုံခြုံရေးနှင့်ဖွံ့ဖြိုးရေး ပြည်သူနှင့်အတူ ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၃၁

ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၄/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ၈နာရီတွင် ဗဟိုလေ့ကျင့်ရေးဌာန(ပြင်ဦးလွင်)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဗဟိုလေ့ကျင့်ရေးဌာနကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူး(စီမံ/လေ့ကျင့်)၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ တိုင်း/ခရိုင်အဆင့်ရှိ အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ သင်တန်းသား ၃၀ တက်ရောက်ကြသည်။

ရှေးဦးစွာပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ တိုးတက်ပြောင်းလဲလျက်ရှိသော နည်းပညာခေတ်နှင့်အညီ လုပ်ငန်းတာဝန်များကို လျင်မြန်တိုးတက်အောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ ယနေ့နိုင်ငံတော်မှ ချမှတ်ထားသော နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်ဝစွာ အင်တိုက်၊အားတိုက် ပါဝင်အကောင်အထည်ဖော်ဆောင်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်သူနှင့်အတူပါဝင်ဆောင်ရွက်သွားရေးတို့ကိုမှာကြားသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဆုချီးမြှင့်



ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Han Golf Masters မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက်ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် ကိုးမိုင်ပြည်လမ်း၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ Wilson Operation မန်နေဂျာ ဦးအောင်ထွန်းဦးက Wilson Putting Challenge ပြိုင်ပွဲ၌ ပထမရရှိသော လင်းမိုးထွန်းအား လည်းကောင်း၊ မြန်မာ့မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်အဖွဲ့မှ ဦးပီတာက ၁၂ ပေခွဲဖြင့် Nearest Pin ဆုရရှိသော ဉာဏ်ရဲထွဋ်အားလည်းကောင်း၊ Star Ice - Cream မှ ဦးမျိုးဒန်က အထူးဆုရရှိသော ဘုန်းပြည့်ချမ်းဟန်အားလည်းကောင်း၊ Han Golf Masters Pte., Ltd. မှ ဒါရိုက်တာ ဦးအောင်လှဟန်က အမျိုးသမီး အသက်(၁၈)နှစ် အောက်ပြိုင်ပွဲ၌ ဒုတိယဆုရရှိသော ခိုင်မွန်ကျော်နှင့် ပထမရရှိသော စန္ဒီတိုးဆောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူးဦးရေးထက်ဒိုးက အသက်(၈-၁၀)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၁၁၀ ချက်ဖြင့် တတိယရရှိသော သိန်းသန်းအောင်၊ စုစုပေါင်း ၁၀၄ ချက်ဖြင့် ဒုတိယရရှိသော ရဲဇော်အောင်နှင့် စုစုပေါင်း ၈၉ ချက်ဖြင့် ပထမရရှိသော ဇွဲလင်းငွေတို့အားလည်းကောင်း၊M.P.G.Aနှင့် M.G.F အမှုဆောင် ဦးကိုကိုလေးက အသက်(၁၁-၁၂)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၂၀၆ ချက်ဖြင့် တတိယရရှိသော အာကာကျော်၊ စုစုပေါင်း ၁၈၁ ချက်ဖြင့် ဒုတိယရရှိသော စွမ်းသီဟအောင်နှင့် စုစုပေါင်း ၁၇၁ ချက်ဖြင့် ပထမ ရရှိသော ဉာဏ်လင်းတို့အားလည်းကောင်း ဆုများကိုချီးမြှင့်ပေးအပ်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍မြန်မာဂေါက်ကလပ် ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးသိန်းက အသက် (၁၃-၁၄)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၁၇၄ ချက်ဖြင့် တတိယရရှိသော ကျော်ဖုန်းမို၊ စုစုပေါင်း ၁၆၃ ချက်ဖြင့် ဒုတိယရရှိသော လင်းမိုးထွန်းနှင့်စုစုပေါင်း ၁၄၈ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်တို့အား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၅-၁၇)နှစ် သက်တမ်းပြိုင်ပွဲ၌ စုစုပေါင်း ၁၅၉ချက်ဖြင့် တတိယရရှိသော ရန်နိုင်ဖြိုး၊စုစုပေါင်း ၁၅၇ ချက်ဖြင့် ဒုတိယရရှိသော စိုးမိုးဝင်းနှင့်စုစုပေါင်း ၁၄၅ ချက်ဖြင့် ပထမရရှိသော ဖြိုးကျော်ကျော်တို့အားလည်းကောင်း ဆုများချီးမြှင့် ပေးအပ်ကြသည်။

ယင်းမျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Han Golf Masters Pte., Ltd.က အဓိကပံ့ပိုးပြီး Co- Sponsors များ ဖြစ်ကြသော Wilson၊ Alpine Drinking Water၊ .K.M Golf Centre၊ Myanmar Golf Club၊ Maruman၊ Canon၊ Rapier၊ M.G.C Restaurant နှင့် Star Ice- Cream တို့ကလည်း ပံ့ပိုးကူညီပေးကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟာသဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၃၁

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးနှင့် ငွေကြည်၏ ဇော်ဝင်း(၂) ကာတွန်းဇာတ်လမ်းအပါအဝင် ဆရာသာဂဒိုး၊ ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ဆရာကာတွန်းဦးဗကလေး၊မြေဇာ၊ကာတွန်းမြင့်စိုးလေး၊ သုဝဏ္ဏကျော်စိန်၊ဆြာကြီးထိန်၊တေးသံရှင်ကြည်အောင်၊တွတ်တွတ်၊မိုးကြိုးဗေဒင်၊မောင်ဉာဏ်ကျယ်၊တနိုင်ခ၊ လေရှူး၊ အောင်ဟိန်း (ရေဦး)၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေး အရေးများဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၃)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။**(က-ပ)**

▼ ကျောဖုံးမှ

လာရောက်လည်ပတ်သူ များ ပြားစည်ကားသော ကျောက်တန်းမြို့တွင် သွားရေးသာ၍ လာရေးဖြောင့်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် လမ်းကြမ်းကို လမ်းချော၊ ကျောက်လမ်းကို ကတ္တရာလမ်းများ ဖြစ်အောင် အဆင့်မြှင့်ဆောင်ရွက်နေသကဲ့သို့ ရာသီပန်းများဖြင့် အစဉ်လှပအောင် ပြုစုပျိုးထောင်လျက်ရှိသည်။

သာယာလှပရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၉ရက် နံနက်ပိုင်းက ကျောက်တန်းမြို့တွင်း ကတ္တရာလမ်းများ ဖွင့်ပွဲတက်ရောက်ပြီး ကျောက်တန်းမြို့ သာယာလှပရေး အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၁၉ရက်က ကျောက်တန်းမြို့တွင်း လွတ်လပ်ရေးလမ်းဖွင့်ပွဲကို ရှေးဦးစွာကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ လွတ်လပ်ရေးလမ်းသည် အရှည် ၂၅၂ ပေ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်သည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ အင္ဂူကူးတို့လမ်းဖွင့်ပွဲကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းအောင်၊မြို့မိမြို့ဖ ဒေါက်တာဦးစံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အင္ဂူကူးတို့လမ်းသည် အရှည် ၄၉၆ ပေ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းဖြစ်သည်။၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ကျောက်တန်းမြို့၌ ကန္တားလမ်း၊ ကန္တားလမ်းအရှေ့ပိုင်း၊ လမ်းမတော်၊ မင်းချောင်း၊ မန်ကျည်းတန်း၊ ဇေယျာ၊ ရွှေဂုံကုန်း၊ အေးစေတီ၊ ကျိုက္ကမော့တောင်ပေါ်စေတီလမ်း စသည်တို့ကို အဆင့်မြှင့်ဆောင်ရွက်ခဲ့သည်။

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် လွတ်လပ်ရေးလမ်းနှင့် အင္ဂူကူးတို့ ကတ္တရာလမ်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး အားကစားရုံ(၁)လမ်း၊ အားကစားရုံ(၂)လမ်း၊ ရွှေညောင်ပင်လမ်း၊ ဦးမင်းလွင်လမ်း၊ ကျိုက်ပြာသာဒ်တန္တလမ်းများကို အဆင့်မြှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့ရေစီးရေလာကောင်းမွန်ရေး၊ အုတ်စီရေမြောင်းများ၊ ကျောက်စီရေမြောင်းများ ပြုလုပ်လျက်ရှိသည်။ မိုးတွင်းရေလျှံမှုမရှိရေး ဆောင်ရွက်ခြင်းဖြစ်သည်။

လှပဝေဆာ

ရေမြေကောင်းသော ကျောက်တန်းမြို့တွင် အစဉ်သာယာလှပရေး၊ ရှုကြည့်နေချင့်စဖွယ်ဖြစ်ရေး၊ ရာသီအလိုက်ပွင့်သော ပန်းအိ၊ နှယ်သာကီ၊ စိန်တံချူ၊ စက္ကူပန်းများ လှပဝေဆာနေအောင် စီမံဆောင်ရွက်လျက်ရှိသည်။ ပန်းအလှပင်များ အချိန်အခါမရွေး စိုက်ပျိုးနိုင်ရေး ပျိုးဥယျာဉ်ထူထောင်ထားပြီး ပန်းပျိုးပင် တစ်သိန်းအထိ ပျိုးထောင်ထားသည်။ ရောင်စုံရာသီပန်းများဖြင့် ကျောက်တန်းမြို့ ထာဝရလှပရေး ဆောင်ရွက်စီမံထားခြင်းဖြစ်သည်။ ကျောက်တန်းမြို့ ရေပေးရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ မြို့ပေါ် ရပ်ကွက်ကြီး ကိုးကွက်တွင် ရပ်ကွက်ကြီးခြောက်ရပ်ကွက် လူဦးရေ နှစ်သောင်းကျော်အတွက် တစ်နေ့ ရေဂါလန် ၄၀၀၀၀ဖြန့်ဝေပေးလျက်ရှိသည်။ တစ်မြို့လုံးရှိလူဦးရေ၏ ၆၀ရာခိုင်နှုန်းကို ကောင်းမွန်သန့်ရှင်းသောရေကို ဖြန့်ဝေပေးနေနိုင်ပြီဖြစ်သည်။ တိုးချဲ့မြို့သစ် သုံးရပ်ကွက် အတွက်လည်း စီမံဆောင်ရွက်နေသည်။ မြို့ရေပေး ရေဂါလန် ခြောက်သောင်းဆံ့ ရေစစ်ကန်အမိုးမိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

နှစ်ဆပေးဝေနိုင်မည်

ကျောက်တန်းမြို့ကို ရေပေးလျက်ရှိသည့် ဆင်ကန်သည် မူလ ၇၈ဧက ကျယ်ဝန်းခဲ့ရာ တဖြည်းဖြည်း နုန်းများပို့ချခဲ့သဖြင့် ယခုအခါ ၄၄ ဒသမ ၄၁ဧကသာ ကျယ်ဝန်းတော့သည်။ ဆင်ကန်တွင် ပိုမိုရေသိုလှောင်နိုင်ရေးကန်တူး၊ တာပေါင်မြေဖို့ခြင်း စသည့် နည်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခင်ကထက် ရေနှစ်ဆမျှ ပေးဝေနိုင်မည်ဖြစ်သည်။

ကျောက်တန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၆၄အုပ်စု၊ ကျေးရွာပေါင်း ၇၁ရွာရှိသည်။ ကျေးရွာ ရေပေးရေးကိုလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စက်ရေတွင်းများဖြင့် ကျေးရွာရေပေးရေးကို ဆောင်ရွက်လျက်ရှိပြီး ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးလက်ဒေသများ သန့်ရှင်းကောင်းမွန်သော ရေရရှိရေးအတွက် စက်ရေတွင်းများ ထပ်မံတူးဖော်လျက်ရှိသည်။

ပေါ်ထွန်းလာခဲ့

သန်လျင် ကျောက်တန်းဒေသသည် ရန်ကုန်-သန်လျင်တံတားကြီး ပေါ်ပေါက်ခဲ့ပြီးနောက် ရန်ကုန်မြို့တော်နှင့် ရေမခြားမြေမခြားတော့ပေ။ သွားလာဆက်သွယ်ရေးကလည်း လွယ်ကူပြီး အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်အပြင် ကြီးကျယ်သောသီလဝါ ဆိပ်ကမ်းကြီးလည်း ပေါ်ထွန်းလာခဲ့သည်။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်ကြီးတို့လည်း ဖွင့်လှစ်နိုင်ခဲ့ရာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ရရှိနေသည်။

သန်လျင် ကျိုက်ခေါက်စေတီ၊ ကျောက်တန်းရေလယ်ဘုရား စသည့် တန်ခိုးကြီးဘုရားများအား နေ့စဉ်လာရောက်ဖူးမြော်သူများပြားသကဲ့သို့ ရောင်းဝယ်ဖောက်ကား သွားလာသူများဖြင့်လည်း တစ်နေ့တခြား ပိုမိုစည်ကားလာသည်။

အချုပ်အားဖြင့် ဆိုရသော် ကျောက်တန်းမြို့နယ်သည် ယခင်ကနှင့်မတူ၊ ယခုအခါ ထူးခြားစွာတိုးတက်လာခဲ့ပြီဖြစ်သည်။ရန်ကုန်မြို့တော်နှင့်သာမက အခြားသော ဧရာဝတီတိုင်း၊ ပဲခူးတိုင်းစသည့်ဒေသများနှင့်ပါ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ၎င်းမှာ သံလွင်တံတားကြီးအပါအဝင် ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာသောကြောင့် ဖြစ်သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့သဖြင့် ရန်ကုန်မြို့ကြီးနှင့် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်များအကြား ကျေးလက်ဒေသများ တစ်နေ့တခြား စည်ကားတိုးတက်ဖွံ့ဖြိုးလျက်ရှိခဲ့ပြီ။

ကျေးရွာချင်းဆက် လမ်းများက သွားရေးသာစေသကဲ့သို့ မြို့တွင်း ကတ္တရာခင်းလမ်းများ အဆင့်မြှင့်ပေးခြင်းကလည်း လာရေးဖြောင့်တန်းစေကာ ရာသီအလိုက်ဖူးပွင့်ကြမည့် ရောင်စုံပန်းများကလည်း ကျောက်တန်းမြို့၏ ကြည်နူးချမ်းမြေ့မှုကို ပို၍ဝင့်ထည်တင့်တယ်ရန် ဖန်တီးပေးသကဲ့သို့ ရှိပါတော့သည်။ ။

(မြန်မာ့အလင်း)

ကျောက်တန်းမြို့ လွတ်လပ်ရေးလမ်း ကတ္တရာခင်းလမ်းသစ်ဖွင့်အပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

■ ယူရို ၂၀၀၄ မှ

ဘယ်လ်ဂျီယံနိုင်

မေ ၂၉ ရက်က ဟော်လန်နိုင်ငံ အိန္ဒိုဗင်ကွင်း၌ နာမည်ကြီး ဟော်လန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘယ်လ်ဂျီယံက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘယ်လ်ဂျီယံအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၇၈ မိနစ်တွင် အသင်းခေါင်းဆောင် ဘတ်ဂူးက သွင်းယူပေးသည်။

ဟော်လန်က ပွဲချိန်အများစု ခြေအသာစီးမှ ကစားနိုင်သော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။ ဟော်လန်ရှေ့တန်း၌ ကလွိုက်ဗက်နှင့် ဗန်ဟွတ်ဒွန့်တို့ကို တွဲဖက်ပွဲထုတ်ကစားသွားသည်။

ဟော်လန်အသင်းသည် ဇွန် ၁ ရက်တွင် ဖာရိုးကျွန်းစုနှင့် နောက်ဆုံးခြေစမ်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဟော်လန်အသင်းသည် အုပ်စု(ဃ)၌ ဂျာမနီ၊ ချက်၊ လတ်ဗီးယားတို့နှင့်အတူ ပါဝင်လျက်ရှိပြီး ဇွန် ၁၅ရက်တွင် ပွဲဦးထွက်အဖြစ် ဂျာမနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပေါ်တူဂီဂိုးပြတ်နိုင်

ယူရို ၂၀၀၄ အိမ်ရှင်ပေါ်တူဂီသည် လူဇင်ဘတ်အသင်းကို အိမ်ကွင်း၌ ခြေစမ်းပြကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မေ ၂၉ရက်က ယှဉ်ပြိုင်ကစားသော အဆိုပါပွဲတွင် ပွဲစပြီး ၁၅မိနစ်အကြာ၌ ရီးယဲမက်ဒရစ်မှ လူးဝစ္စဖီဂိုက အဖွင့်ဂိုး သွင်းယူသည်။ ဒုတိယဂိုးကို ယူရို ၂၀၀၀ပြိုင်ပွဲ၌ နာမည်ကြီးခဲ့သော တိုက်စစ်မှူးနူနိုဂိုမက်က ၂၉ မိနစ်တွင် သွင်းယူပေးသည်။ တတိယဂိုးကို ၃၅မိနစ်တွင် ရူအီကော်စတာက သွင်းလိုက်ရာ ပထမပိုင်းအပြီးမှာပင် သုံးဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိရာ ယခုပွဲ၌ ခြေစွမ်းပြနိုင်မှုကြောင့် အိမ်ရှင်ပရိသတ်၏ မျှော်လင့်ချက်ပို၍ မြင့်မားစေခဲ့သည်။ ပေါ်တူဂီအသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၅ရက်တွင် လစ်သူယေးနီးယားနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပေါ်တူဂီအသင်း၏ နည်းပြအဖြစ် ၂၀၀၂ ကမ္ဘာ့ဖလားချန်ပီယံဘရာဇီးအသင်းကို တာဝန်ယူခဲ့သော စကိုလာရီက တာဝန်ယူလျက်ရှိသည်။

ဂရိအခြေမလှ

မရဏအုပ်စုဟုတင်စားကြသည့် အုပ်စု(က)၌ ပါဝင်သော ဂရိအသင်းသည် ဇွန် ၂၉ရက်က ပိုလန်အသင်းနှင့် ခြေစမ်းရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။ ပိုလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၆ မိနစ်တွင် ဂရိမှ မီဟာလစ်ကပ်ပဆစ်က ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ရရှိသွားခြင်းဖြစ်သည်။ ဒုတိယပိုင်း၌ ဂရိတို့ ချေပဂိုးရရှိရေးကြိုးစားသော်လည်း ဂိုးသမားဒူဒက်အစားဝင်လာသည့် ဂိုးသမားဘိုရက်၏ အစွမ်းပြနိုင်မှုကြောင့် ဂိုးမရခဲ့ပေ။ နည်းပြဆရာယာဂေယ်တာဝန်ယူမည့် ဂရိ အသင်းသည် ဇွန် ၃ရက်တွင်လက်ချင်စတိန်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

အုပ်စု(က)၌ အိမ်ရှင်ပေါ်တူဂီ၊ စပိန်၊ ရုရှားနှင့် ဂရိတို့ ပါဝင်လျက်ရှိသည်။ အုပ်စု(က)အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၂ရက်တွင် အိမ်ရှင်ပေါ်တူဂီနှင့် ဂရိ၊ စပိန်နှင့် ရုရှားတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ခရိုအေးရှားနိုင်

အုပ်စု(ခ)၌ ပါဝင်လျက်ရှိသော ခရိုအေးရှားအသင်းသည် မေ ၂၉ ရက်က ဆလိုဗားကီးယားနှင့်ခြေစမ်းကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ခရိုအေးရှားအသင်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး တစ်လုံးတည်းသောအနိုင်ဂိုးကို ၂၈မိနစ်တွင် အိုင်ဗာကာအိုလစ်က သွင်းယူပေးသည်။ ခရိုအေးရှားအသင်းသည် ဇွန် ၅ရက်တွင် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒိန်းမတ်အသင်းနှင့် ဒိန်းမတ်မြေ၌ ခြေစမ်းမည်ဖြစ်သည်။ ခရိုအေးရှားနည်းပြဘာရစ်သည် အပြီးသတ်လူစာရင်းကို ရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာရန်ရှိသည်။

ဆွီဒင်ရလဒ်ကောင်း

အုပ်စု(ဂ)၌ပါဝင်နေသော ဆွီဒင်အသင်းသည် မေ၂၈ရက်က ဖင်လန်နိုင်ငံသို့သွားရောက်၍ ဖင်လန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရလဒ်ကောင်းသွားသည်။ ဖင်လန်အသင်းအတွက် ၉မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် လစ်မာနန်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆွီဒင်အတွက်ချေပဂိုးကို မိနစ်၃၀တွင် အန်ဒါဆင်က သွင်းယူသဖြင့် တစ်ဂိုးစီဖြစ်သွားသည်။ ဒုတိယဂိုးနှင့် တတိယဂိုးကို အောလ်ဘတ်က သွင်းယူနိုင်သဖြင့် ပွဲအပြီးတွင် ဆွီဒင်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆွီဒင်အသင်းသည် ဘူဂေးရီးယား၊ အီတလီ၊ ဒိန်းမတ်တို့နှင့်အတူ ပါဝင်လျက်ရှိရာ အုပ်စုတက်ရန်မျှော်လင့် ချက်ရှိနေသည်။ ဆွီဒင်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇွန် ၅ရက်တွင် ပိုလန်အသင်းနှင့် အိမ်ကွင်းမိမိပရိသတ်ရှေ့မှောက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြင်သစ်အတွက်ဂိုးသွင်း

မေ၂၈ရက်က ယှဉ်ပြိုင်ကစားသည့် ခြေစမ်းပွဲတွင် ပြင်သစ်က အင်ဒိုရာကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ဝီးလ်တော့ဒ်(အာဆင်နယ်)က နှစ်ဂိုး၊ ဆာဟာ(မန်ယူ)နှင့် စတိဗ်မာလက်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ။

(မြန်မာ့အလင်း)

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲအကြို အင်္ဂလန်နှင့် ပေါ်တူဂီတို့ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့စဉ်က ရီးယဲမက်ဒရစ်မှ ကစားဖော်များဖြစ်ကြသည့် ပေါ်တူဂီမှ လူးဝစ္စဖီဂိုနှင့် အင်္ဂလန်မှ ဒေးဗစ်ဘက်ခမ်းတို့၏အကြိတ်အနယ်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဘဏ္ဍာ/အခွန်က မြို့တော်စည်ပင်ကိုအနိုင်ရရှိ ကာကွယ်ရေးနှင့်ကွာတားဖိုင်နယ်ကစားရမည်

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက မြို့တော်စည်ပင်အသင်းကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲတွင် ပထမရရှိခဲ့သော ဘဏ္ဍာ/အခွန်အသင်းသည် ရန်ပိုင်နှင့် ထွန်းထွန်းဝင်းတို့ ပွဲပယ်ခံထားရသော်လည်း ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် အနိုင်ဂိုးများကို ဇော်ထိုက်ကသုံးဂိုး၊ စိုးမြတ်မင်း၊ လွင်ဦးနှင့် အောင်လင်းထွန်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။

မြို့တော်စည်ပင်အသင်းအတွက် ချေပဂိုးများကို ဇော်ဇော်၊ အောင်ဇော်မျိုးနှင့် ဝင်းဇော်ထွန်းတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဘဏ္ဍာ/အခွန်အသင်းမှ ဇော်ထိုက်က ရရှိသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ကွာတားဖိုင်နယ် တက်ရောက်သွားပြီဖြစ်ရာ ဇွန် ၂ရက်တွင် ကာကွယ်ရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ဇွန်၁ရက်(ယနေ့) ညနေ၃နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် သစ်တောရေးရာအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

လှိုင်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၁

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)က ကျောင်းနေ အရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း လှိုင်မြို့နယ်အထက(၁)ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်ကျောင်းအပ်နှံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးအောင်ခင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျောင်းနေ အရွယ် ကလေးကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်အဆင့်မြင့်ပညာဦးစီးဌာန နိုင်ငံခြားဘာသာသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးစိုးဝင်းက ဗလာစာအုပ် ၇၇ ဒါဇင် တန်ဖိုးကျပ် ငါးသောင်းနှင့် မြို့နယ်အတွင်းရှိ လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင် မိဘပြည်သူများက ကျပ် ၈၂၅၀၀၀ တန်ဖိုးရှိ အလှူငွေနှင့်ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများအား ပေးအပ်လှူဒါန်းကြရာ မြို့နယ်အတွင်းရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံရယူကြပြီး **(အပေါ်ပုံ)**တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းနေရန်အခက်အခဲရှိသည့် ကျောင်းသူကျောင်းသားများအား ကျောင်းသုံးစာအုပ်နှင့် စာရေး ကိရိယာများအား ပေးအပ်လှူဒါန်းကြကြောင်းသိရသည်။

(က–ပ)

ရှင်သာမဏေဇမ္ဗူပိမာန် သမထဝိပဿနာသင်တန်း

ရန်ကုန် မေ ၃၁

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဇမ္ဗူပိမာန်တွင် ခုနစ်ရက်စခန်း သမထဝိပဿနာသင်တန်းကို လစဉ်ကျင်းပလျက်ရှိရာ လာမည့်သင်တန်းပတ်ကို ဇွန်၈ရက် ညနေ၅နာရီမှ ၆နာရီခွဲအထိဖွင့်လှစ်မည်။ သင်တန်းကို အနာဂါမ် ဆရာသက်ကြီးနည်းအရ ဒလအံ့ကြီး လယ်တီမူဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီးဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**



လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊
အောင်မင်္ဂလာလမ်း၊ အမှတ် ၅၅ နေ
ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)–ဒေါ်အေးအေးဝင်းတို့၏
တစ်ဦးတည်းသောသား
မစန္ဒာ(နိုင်ငံခြားကလစ်ရောင်းဝယ်ရေး၊ မင်္ဂလာဈေး)၏မောင်

ဗိုလ်မှူးရဲရင့်ဝင်း B.Sc(D.S.A) (ကာကွယ်ရေးဝန်ကြီးဌာန)

နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တိုက်သစ်၊
တိုက်အမှတ် ၂၊ အခန်းအမှတ် ၃၂ နေ
ဗိုလ်မှူးလှသောင်း(ငြိမ်း)(အတွင်းရေးမှူး)
(ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီ)–ဒေါ်ကြည်ကြည်ဝင်း(လ/ပြ၊ ငြိမ်း)
တို့၏
တစ်ဦးတည်းသောသမီး

မလှမြတ်သူ B.A(Myanmar) (အကောက်ခွန်ဦးစီးဌာန)

တို့ကို မိဘတို့၏ မေတ္တာနှင့်ယှဉ်သောဝတ္တရားနှင့်အညီ ဂုဏ်သရေရှိ တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်နှင့်ဇနီး၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများ၏ရှေ့မှောက်၌ တပ်မှူးဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဇနီး၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေနှင့် ဇနီးတို့အား အသိသက်သေအရာ၌ထားပြီး ဗုဒ္ဓဘာသာမြန်မာဓလေ့ထုံးတမ်းစဉ်လာအတိုင်း Mya Yeik Nyo Royal Hotel ၌ ၂၁–၅–၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီး ၃၀–၅–၂၀၀၄ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံး၊ မင်္ဂလာရွှေဆွဲကြိုး၊ မင်္ဂလာစိန်လက်စွပ်များ ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာသတို့သားအရန် ဗိုလ်ကြီးကျော်နိုင်မြင့်၊ မင်္ဂလာသတို့သမီးအရန် မခိုင်ဖြိုးလင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မအိမင်းမြူလွင်နှင့် မင်္ဂလာရွှေဆွဲကြိုးနှင့် မင်္ဂလာစိန်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမိုးသက်လှိုင်၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသောသူများနှင့် ချစ်သူငယ်ချင်းများ၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့်တီးဝိုင်း၊ အခါတော်ပေး သီချင်းနှင့် ရွှေဘုန်းတော်တိုးသီချင်းများ သီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှဖန်တီးပေးသော ခင်စန်းဝင်း၊ ဗီဒီယိုဓာတ်ပုံများ ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် ပန်းအလှနှင့် စားကောင်းသောက်ဖွယ်များကို စီစဉ်ပေးသော Mya Yeik Nyo Royal Hotel, Yuzana Garden Hotel နှင့် Oriental House (မြို့မကျောင်းလမ်း) တို့မှ မန်နေဂျာများနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးရဲရင့်ဝင်း–မလှမြတ်သူ။

မုန်တိုင်းငယ်တစ်ခု ပုသိမ်မြို့၏အနောက်တောင်ဘက် ပင်လယ်ပြင်ကိုဖဟိုပြုလျက်ရှိ

ရန်ကုန် မေ ၃၁

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းရှိ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာကာ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၃၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ မြောက်၊ အရှေ့မြောက်အရပ်သို့ ရွေ့လျားနိုင်သည်။

ယင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီမိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

လက်ထပ်မင်္ဂလာဆုတောင်းလွှာ

မောင်လေးနှင့်ညီမလေး

၂၁–၅–၂၀၀၄ မင်္ဂလာရက်မြတ်နှင့် ၃၀–၅–၂၀၀၄ မင်္ဂလာဧည့်ခံပွဲမှသည် ဘဝခရီးလမ်းတစ်လျှောက် မင်္ဂလာနှစ်တစ်ရာတိုင် ဇနီးမောင်နှံပျော်ရွှင်စွာဖြင့် အေးအတူပူအမျှ လက်တွဲနိုင်ပါစေ။

မမကြီး၊ မမစန္ဒာ၊ မမရွှေဝါ။

လက်ထပ်မင်္ဂလာဆုတောင်းလွှာ

ကိုကြီးနှင့်မကြီး

၂၁–၅–၂၀၀၄ မင်္ဂလာရက်မြတ်နှင့် ၃၀–၅–၂၀၀၄ မင်္ဂလာဧည့်ခံပွဲမှသည် မင်္ဂလာနှစ်တစ်ရာတိုင် ဇနီးမောင်နှံပျော်ရွှင်ချမ်းမြေ့စွာဖြင့် နိုင်ငံ့အကျိုးကို ဆောင်ရွက်ရင်း မင်္ဂလာခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

မောင်ငယ်များ– **ဇော်လတ်ဖြိုး(ခေတ္တ–တောင်ကိုရီးယား)၊ အောင်လတ်ဖြိုး(ခေတ္တ–တောင်ကိုရီးယား)။**

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

ရန်ကုန် မေ ၃၁

၂၀၀၄ခုနှစ် မေ ၃၁ ရက် ယနေ့မြန်မာစံတော်ချိန် ဝ၈နာရီ ၂၂မိနစ်၃၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်တောင်ဘက် ၃၇၉မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ မွေးထုတ်ပေးနေသော သုဝဏ္ဏဘောလုံးသင်တန်း သို့မဟုတ် ရွှက်သစ်လူငယ်အသင်း

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–ကိုထွေး

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ မှာကြားချက်အရ မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ ပေါ်ထွက်လာရေးရည်ရွယ်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အနီးရှိ သုဝဏ္ဏအမှတ်(၃) ဘောလုံးလေ့ကျင့်ရေးကွင်း၌ လူငယ်ဘောလုံးသင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။ အဆိုပါ သုဝဏ္ဏလူငယ်ဘောလုံးသင်တန်း၌ ဘောလုံးအခြေခံပညာရပ်များကို တစ်နှစ်ပတ်လုံး နေ့စဉ်သင်ကြားလေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

သုဝဏ္ဏလူငယ်ဘောလုံးသင်တန်းကို ၂၀၀၁ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အဆိုပါသင်တန်းမှ လူငယ်များကိုအခြေခံကာ ရွှက်သစ်လူငယ်ဘောလုံးအသင်းကို တတိယတန်း၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ရွှက်သစ်လူငယ်ဘောလုံးအသင်းသည် တတိယတန်း၌ ဝင်ရောက်ယှဉ်ပြိုင်နေသော်လည်း ဒုတိယတန်း၊ပထမတန်း၊အဆင့်မြင့်တန်းများသို့ အဆင့်ဆင့်တက်လှမ်းရန်ဟူသော ရည်ရွယ်ချက်မထားရှိပေ။ သင်တန်းသားလူငယ်လေးများကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်၍ တတိယတန်းအဆင့်၌သာ ယှဉ်ပြိုင်နိုင်ပြီး အတန်းတက်ရန် ဆန္ဒမရှိကြောင်းသိရသည်။

ရွှက်သစ်လူငယ်ဘောလုံးအသင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အတွက် အားထားရမည့် လူငယ်ဘောလုံးသမားများ ပေါ်ထွက်လာရေးပင်ဖြစ်သည်။ ရွှက်သစ်လူငယ်ဘောလုံးအသင်းအနေဖြင့် လူငယ်များ ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက်သာ တတိယတန်း၌ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လူငယ်ဘောလုံးသမားများအား မိမိတို့ဆန္ဒအလျောက် နှစ်သက်ရာအသင်းများသို့ ပြောင်းရွှေ့ခွင့်ပြုထားကြောင်းသိရသည်။

ရွှက်သစ်လူငယ်ဘောလုံးအသင်းကို အုပ်ချုပ်သူအဖြစ် ဦးမင်းမောင်မောင် (ဓာတ်ပုံလုပ်ငန်း)၊ ဦးတင်ဝင်း(နာဂိုယာဓာတ်ပုံဆိုင်)တို့က တာဝန်ယူဆောင်ရွက်ကြသည်။ နည်းပြနှင့်ကစားသမားအဖြစ် ဦးနေဝင်းကဆောင်ရွက်သည်။ အသင်းခေါင်းဆောင်အဖြစ် ဒေါက်တာမင်းဟဏ်(သွားဆရာဝန်)က ဦးဆောင်ကစားသည်။ ဒေါက်တာမင်းဟဏ်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် တစ်ဦးလည်းဖြစ်ပြီး ဘောလုံးအားကစားကို အထူးဝါသနာထက်သန်သူဖြစ်သည်။ ရွှက်သစ်လူငယ်ဘောလုံးအသင်းတွင် အားကစားသမား ၃၅ဦး ပါဝင်လျက်ရှိရာ ဦးနေဝင်းနှင့်ဒေါက်တာမင်းဟဏ်တို့နှစ်ဦးမှလွဲ၍ ကျန်ကစားသမားများမှာ လူငယ်များသာဖြစ်ကြသည်။

ရွှက်သစ်လူငယ်ဘောလုံးအသင်း၏ ထူးခြားချက်မှာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ပွဲအတွေ့အကြုံ ရရှိစေရေးအတွက် အခါအားလျော်စွာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားပေးခြင်းဖြစ်သည်။ ရွှက်သစ်လူငယ်ဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။

ရွှက်သစ်လူငယ်ဘောလုံးအသင်းသည် သုဝဏ္ဏလူငယ်ဘောလုံး သင်တန်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်၍ ဘောလုံးအခြေခံကြေညက်သော မျိုးဆက်သစ် ဘောလုံးသမားလေးများ ပါဝင်လျက်ရှိသည်။ ရွှက်သစ်လူငယ် ဘောလုံးအသင်းမှ မွေးထုတ်ပေးလိုက်သော အားကစားသမား ၁၁ဦးသည် ယခုအခါ လူငယ်လက်ရွေးစင်အသင်းနှင့် ကလပ်အသင်းများ၏ခေါ်ယူခြင်းကို ခံထားရပြီဖြစ်သည်။

ရွှက်သစ်လူငယ်ဘောလုံးအသင်းမှ မွေးထုတ်ပေးလိုက်သူများအနက်မှ ဇင်မျိုးအောင်၊ ကျော်စွာဝင်းနှင့် တင့်ဇော်ထိုက်တို့ကို အဆင့်မြင့်တန်းမှ ကမ္ဘောဇအသင်းက လည်းကောင်း၊ ကျော်စွာဝင်း၊ လင်းလင်းထွေး၊ ဘဲလူးနှင့် အောင်ကျော်ရွှေ(ဂိုး) တို့ကို ပထမတန်းမှ စက်မှု(၁)အသင်းကလည်းကောင်း၊ ဉာဏ်လင်းထွန်းကို ပထမတန်းမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းကလည်းကောင်း၊ ကျော်ကျော်ထွန်းကို ဒုတိယတန်းမှ အား/ကာသိပ္ပံအသင်းမှ လည်းကောင်း ခေါ်ယူခြင်းခံထားရသည်။

ထို့အပြင် ရွှက်သစ်လူငယ်ဘောလုံးအသင်းမှ မွေးထုတ်ပေးလိုက်သော လင်းလင်းထွေးနှင့်ကျော်ဇင်ထိုက်(ဂိုး)တို့သည် (၁၆)နှစ်အောက် လူငယ်လက်ရွေးစင်အသင်း၌ ရွေးချယ်ခြင်းခံထားရသည်။ ကမ္ဘောဒီးယား၌ ကျင်းပခဲ့သည့် အာရှလူငယ် အသက် (၁၄)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ခဲ့သော အသက် (၁၄)နှစ်အောက် မြန်မာလူငယ်အသင်း၌ ပါဝင်ခဲ့သူ ဇင်ဘိုဘိုနိုင်သည် ရွှက်သစ်လူငယ်ဘောလုံးအသင်းမှ မွေးထုတ်ပေးလိုက်သူ ဖြစ်သည်။

ယခုအခါ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် အဘက်ဘက်မှ အားပေးလုပ်ဆောင်နေချိန်တွင် မျိုးဆက်သစ်လူငယ်ဘောလုံးသမားများ မွေးထုတ်ပေးနေသော ရွှက်သစ်လူငယ်ဘောလုံးအသင်း(သုဝဏ္ဏလူငယ်ဘောလုံးသင်တန်း)သည်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မျိုးဆက်သစ်ဘောလုံးသမားများ မွေးထုတ်ပေးနေသော ရွှက်သစ်လူငယ်ဘောလုံးအသင်း(သုဝဏ္ဏလူငယ်ဘောလုံးသင်တန်း)မှ နည်းပြ၊ အသင်းခေါင်းဆောင်နှင့် အားကစားသမားများကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ပြည်နှင့် သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များတွေ့ဆုံ

ပြည် မေ ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်စွဝ်နွန်းခွန်ဆမ်နှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မေ၂၈ရက် မွန်းလွဲ ၁နာရီက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စွဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဦးက အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး အတွေ့အကြုံများကို လည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဆွေက အစီရင်ခံစာ ပေးပို့မှုနှင့် အဖွဲ့ဝင် အင်အားရရှိမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၏ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြရာ အဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြချက်များအား ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က ခြုံငုံသုံးသပ်ပြန်လည် ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာက ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ၏ ဇနီးဒေါ်နိုင်နိုင်မော်နှင့် တာဝန်ရှိသူတို့က မူလတန်းကျောင်းသားကျောင်းသူလေးများအား ပညာသင်ကြားရေးအတွက် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်ကြကြောင်း သိရသည်။ **(က–ပ)**

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တီးတိန်မြို့ မြို့တွင်းလမ်းဘေး မြေထိန်းနံရံ ကျောက်စီခြင်း လုပ်ငန်းကို ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်က သွားရောက် အခြေပြု၍ အနီးကပ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကောလင်းမြို့လုံးကျွတ် စုပေါင်းသန့်ရှင်း

ကောလင်း မေ ၁၅

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မေ ၈ရက်က မြို့ပေါ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရွှေမင်းဝံလမ်းမကြီး ဘေးဝဲယာနှင့် အစိုးရအဆောက်အအုံများတွင် ပြုလုပ်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရာသို့ မြို့နယ်ဥက္ကဋ္ဌဦးမင်းလွင်၊အတွင်းရေးမှူး ဦးမြင့်ဝေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်မှူး ဒု–ရဲမှူးဝင်းမြင့်ထူး၊ စခန်းမှူးရဲအုပ်ကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဗိုလ်လတ်နှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အစိုးရဌာနဆိုင်ရာ ဝန်ထမ်းနှင့် ရပ်ကွက်ဥက္ကဋ္ဌများက စုပေါင်းပါဝင်ဆောင် ရွက်ကြသည်။ **(ဝ၂၆)**

ပုသိမ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးမှ ၂၀၀၄ – ၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်း လမ်း များ ကောင်း မွန် ရေး အတွက် ပြုပြင် ဆောင်ရွက်လျက်ရှိရာ မေ ၇ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး(၂)၊ ကမ်းနားလမ်းကတ္တရာလမ်းပေါက်များ ပြုပြင်ဖာထေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော(သို့)ဥနှင့်ပြည့်ဝနေသော ရေချို ပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်းအင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည် ဖြစ်ပါသည်။

အကယ်၍အဆိုပါ ဥကပ်နေသော(သို့)ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်း မပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

1-6 (15).p65 1 03/24/1905, 8:51 PM

ငါသူတစ်ပါးယောကျ်ားမိန်းမဇာတ်ကားဗီဒီယိုအဖြစ် ပြန်လည်အသက်သွင်း

မောင်ဆွေထွန်း

ရန်ကုန် မေ ၃၁

ယခုအပတ်တွင် ဒါရိုက်တာ ပန်းချီ စိုးမိုး၏ အကယ်ဒမီဆုများရရှိခဲ့သော **'ငါသူတစ်ပါး ယောကျ်ား မိန်းမ'** ရုပ်ရှင်ဇာတ်ကားကြီးကို ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည်ထုတ်လုပ်ဖြန့်ချိနိုင်သည်ကို တွေ့ရသည်။

ထိုဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ မေသန်းနုနှင့် ခင်ဇာခြည်ကျော်တို့ပါဝင်သရုပ်ဆောင်ထားကြသည်။

ဆက်လက်၍ မေ ၃၁ရက်မှ စတင်ပြီး တစ်ပတ်အတွက် ဗီဒီယိုဇာတ်ကား ၁၀ကား ဖြန့်ချိမည်ဖြစ်သည်။ ဒါရိုက်တာ ဗိုဝမ်း၊ သရုပ်ဆောင် စိုင်းသီဟ၊ဇော်ခင်နှင့်နှင်းဇေရီတို့ပါဝင် သရုပ်ဆောင်ထားသော **'ဘယ်လောက်ဝေးဝေး ဘယ်လိုပြေးပြေး'** ဇာတ်ကား။ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)၊ ဒွေး၊ ဖြိုးငွေစိုးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **'ချည်နှောင်ခဲ့သောခြေရာ'**။

မောင်မောင်ဦး (စန္ဒီးပွိုက်)ရိုက်ကူး၍ နိုင်းနိုင်းနှင့်စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသော **'တွက်ရေးနဲ့ သမက်သူဌေး'**။ ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူး၍ လပ်ကီးပလေ့ဗီဒီယိုမှ ဖြန့်ချိသော မင်းမော်ကွန်း၊ နန္ဒာလှိုင်၊ ဇင်ဇင်ဇော်မြင့် တို့ပါဝင် သရုပ်ဆောင်ထားသည့် **'ယုံအောင်လည်း ပြောတတ်တယ်၊ လွမ်းအောင်လည်း ချွဲတတ်တယ်'** ဇာတ်ကား၊ ကြောင်ကမ္ဘာဗီဒီယိုမှ ဥက္ကာဗို ရိုက်ကူးပြီး နေမျိုးအောင်နှင့် စုလှိုင်နှင်းတို့ ပါဝင်သော **'အလွမ်းမှတ်တိုင်'**။

ဒါရိုက်တာမောင်မောင်သက်ခိုင်၊ ရော၊ ငြိမ်းချမ်းနှင့် မန်းဝင်းတို့ ပါဝင်သော **'ဟားကြမယ်ဟေ့ ကောင်း'**၊ ဒါရိုက်တာမင်းနိုင်၊ ခိုင်သင်းကြည်၊ ငြိမ်းချမ်းနှင့် ကောင်းကျော်တို့ ပါဝင်သော **'ခိုင်သင်းကြည်တို့ကတဲ့ပွဲ'**။

ဒါရိုက်တာ ညီညီထွန်းလွင်၊ နေထက်လင်းနှင့် ကြည်လဲ့လဲ့ဦးတို့ ပါဝင်သော **'လက်ဆင့်ကမ်း'** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ ဇဟိန်းသန်းရိုက်ကူး၍ ပန်တျာတင်ဝင်းကို၊ ကျော်ဇောဟိန်း၊ ရွှေရည်မိုးဦးတို့ပါဝင်သရုပ်ဆောင်ထားသော **'ကုဏ္ဍလကေသီ'** ဇာတ်ကားတို့ ဖြန့်ချိပြသခွင့်ရရှိသည်။ ။

(မြန်မာ့အလင်း)

ငါသူတစ်ပါးယောကျ်ား မိန်းမဇာတ်ကားမှ ခင်ဇာခြည်ကျော်နှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။

တွက်ရေးနဲ့ သမက်သူဌေး ဇာတ်ကားမှ နိုင်းနိုင်းနှင့် စိုးမြတ်နန္ဒာတို့ အပြိုင်အဆိုင်။

ယုံအောင်လည်း ပြောတတ်တယ်၊ လွမ်းအောင်လည်း ချွဲတတ်တယ် ဇာတ်ကားမှ မင်းမော်ကွန်းနှင့် နန္ဒာလှိုင်။

ကမ္ဘာသုံးရည်းစားစကား ကြည့်ရှုရန်ပြင်

စိန်ငွေးဗီဒီယိုမှ ဝတ္ထုဇာတ်ညွှန်း ဒါရိုက်တာ ညီမင်းလွင်၏ ကမ္ဘာသုံး ရည်းစားစကားဇာတ်ကားမှာ ဆင်ဆာခွင့်ပြုချက် ရရှိ၍ မကြာမီဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည်။ ထိုဇာတ်ကားတွင် လွင်မိုး၊ ခိုင်သင်းကြည်၊ ဖွဲ့နိုင်ဝင်း၊ ငွေစင်သွန်း၊ ငှက်ပျောကြော်၊ ဖိုးဖြူနှင့် သရုပ်ဆောင်များ ပါဝင်ထားကြသည်။

(မြန်မာ့အလင်း)

မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားရုံးအဖွဲ့ အသုံးပြုရန် ကွန်ပျူတာ၊ပရင်တာနှင့်ဆက်စပ်ပစ္စည်းတစ်စုံလှူဒါန်း

ပြင်ဦးလွင် မေ ၂၃

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးရုံးအဖွဲ့တွင် အသုံးပြုနိုင်ရန်အတွက် ပြင်ဦးလွင်မြို့ စိုးစံဘော်ဒါနှင့် လေ့ကျင့်ရေးစခန်း ပိုင်ရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)– ဒေါ်နန်းယဉ်ယဉ်မိသားစုကကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းတစ်စုံ လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၂ ရက် နံနက် ၈ နာရီက မဟာအံ့ထူးကံသာဘုရားကြီး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တပ်ဖွဲ့အသီးသီးမှ တပ်မှူးများ၊ ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်နှင့် အဖွဲ့ဝင်များ၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် ဂေါပက အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)နှင့် ဇနီး ဒေါ်နန်းယဉ်ယဉ်တို့က ကွန်ပျူတာပစ္စည်းများကို ဗိုလ်မှူးချုပ်မင်းအောင်လှိုင်ထံ ပေးအပ်လှူဒါန်းသည်။

(၂၈၀)

ရောင်းအားမြှင့်ဈေးပွဲတော် ခရမ်းမြို့၌ကျင်းပမည်

ရန်ကုန် မေ ၃၁

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရောင်းအားမြှင့် ဈေးပွဲတော် (Sales Promotion Fair)များကို S.M.S Investor Group က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက် လေးရပ်အား အထောက်အကူဖြစ်စေရန်၊ ရောင်းအားမြင့်မား၍ ပြည်တွင်းကုန်ထုတ်စွမ်းအားစုမြင့်မားတိုးတက်လာစေရန်၊ မြို့ရွာနှင့် ကျေးလက်ဒေသများ ခေတ်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများပိုမို ဖြစ်ထွန်းလာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်မှုများဖြင့် မိုးလုံလေလုံအားကစားခန်းမ၌ ဇွန် ၃ ရက်မှ ၇ ရက်အထိ ရောင်းအားမြှင့်ဈေးပွဲတော်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ လူသုံးကုန်၊ စားသောက်ကုန်၊ အလှကုန်၊ အထည်အလိပ်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် ကျောင်းသုံးပစ္စည်းများကို ရန်ကုန်မြို့မှ ပင်ရင်းဆိုင်ကြီးများက အထူးဈေးနှုန်း ချိုသာစွာ ရောင်းချပေးကြမည်ဖြစ်ပြီး လယ်ယာသုံးပစ္စည်းများလည်း ပြသရောင်းချနိုင်သည်။

ရောင်းအားမြှင့်အစီအစဉ်၊ဖျော်ဖြေရေးအစီအစဉ်များကိုလည်း တင်ဆက်သွားမည်ဖြစ်ရာ ဝင်ကြေးမရှိ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ပါဝင်ပြသ ရောင်းချလိုသူများ S.M.S Investor Group အမှတ် ၂၅၊ မြေညီထပ် ၁၀၁ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း– ၂၀၀၁၄၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ယစ်မျိုးခွန်ကောက်ခံရေး အင်းတော်၌ အသိပညာပေးရှင်းလင်း

အင်းတော် မေ ၁၀

အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ယစ်မျိုးလိုင်စင်များကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ ယစ်မျိုးခွန်များ တိုးမြှင့်ကောက်ခံရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းခြင်း အခမ်းအနားကို မေ ၁၀ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက ယစ်မျိုးခွန်တိုးမြှင့်ကောက်ခံခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းများနှင့် ယစ်မျိုးလိုင်စင် လျှောက်ထားရေးကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက မရှင်းလင်းသည့် အချက်များကို ပြန်လည် မေးမြန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည် ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ (၁၃၃)

မေ ၁ရက်က ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မြို့မဈေး၌ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးသန့်၊ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် မီးသတ်စခန်းမှူးတို့က ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့် ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သံကောင်၊တုပ်ကောင်ရောဂါများ
- (ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ
- (ဂ) တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ–
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။
- (ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။
- (ဂ) မိုးရွာပြီးရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့်ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း။
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှရှောင်ကြဉ်ပါ။
- (ဂ) စားကြွင်းစာကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။
- (ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာ ဖြန့်ဝေပါ၊ လိုက်နာ ကျင့်သုံးပါ။
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ။
- (စ) ရေကိုကျိုချက်၍ သောက်ပါ။
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။
- (ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့်ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်း စုပေါင်းဆောင်ရွက်ပါ။
- (ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက် ပြသ စစ်ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

(၅၇)ကြိမ်မြောက်သွေးလှူဒါန်း



ရန်ကုန် မေ ၃၁

ပဲခူးတိုင်း ရေတာရှည်မြို့ ပေကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နိမ္မလာနန္ဒ(ဓမ္မာစရိယ၊ ဝိနယဓရ၊ဝိနယဝိဒူ)**(အပေါ်ပုံ)**သည် (၅၆)ကြိမ်မြောက် တိပိဋကစာမေးပွဲနှင့် တိပိဋကဆရာတော်များကို ဂုဏ်ပြုသောအားဖြင့် မေ ၂၈ရက်က ရန်ကုန်မြို့ ဗဟိုအမျိုးသား သွေးလှူဘဏ်၌ (၅၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကျောက်တံတားမြို့ နိုင်ငံသားအရည်အချင်း ပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင့်အောင်က နိုင်ငံသားကတ်ပြားပေးအပ်စဉ်။ (က–ပ)

ကြာပင်အိုင်နှင့် ညောင်ပင်ကျေးရွာချင်းဆက် လမ်းဖောက်

နွားထိုးကြီး မေ ၁၅

ကျေးရွာချင်းဆက် မြို့ကိုတက်ဆောင်ပုဒ်နှင့်အညီ ကျေးရွာချင်းဆက်အဖြောင့်လမ်း မြေသားလမ်းကို မေ ၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးဝေမြင့်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းဖေတို့က ကျေးရွာရုံးတွင် ကြာပင်အိုင်နှင့် ညောင်ပင်ရွာ အဖြောင့် မြေသားလမ်းဖောက်လုပ်ရန် ကွင်းဆင်းဆောင်ရွက်ကြသည်။

ညှိနှိုင်း

ကျေးရွာချင်းဆက် အဖြောင့်လမ်းဖောက်ရန် ကြာပင်အိုင်ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ကျေးရွာစည်းရုံးရေးမှူး ဦးမြင့်ရွှေနှင့် ကျေးလက်နေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မိုးမကျမီ အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ပြညှိနှိုင်းကြသည်။ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျေးရွာချင်းဆက်အဖြောင့်လမ်းဖောက်လုပ်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုကြပြီး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရန် ပြောကြားသည်။ ကြာပင်အိုင်–ညောင်ပင်ရွာ ကျေးရွာချင်းဆက် အဖြောင့်လမ်းမှာ အရှည် ၄ မိုင်ရှိသည့် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖြစ်သည်။ အဆိုပါလမ်းပြီးစီးပါက အချိန်တိုအတွင်း မြို့နှင့်အခြားကျေးရွာများသို့ လွယ်လင့်တကူ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(၂၁၃)**

မော်လမြိုင်မဟာမြတ်မုနိဘုရားနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲနှင့် ရွှေစင်ရွှေသား ပခုံးဒေါက်တော်တင်လှူပူဇော်

မော်လမြိုင် မေ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျုက်သရေဆောင် မဟာမြတ်မုနိဘုရားကြီး၏ နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရွှေစင် ရွှေသားပခုံးဒေါက်တော်တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း အခမ်းအနားကို မေ ၂ ရက်က ဘုရားပရိဝုဏ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ နာယကဆရာတော်များ၊ သံဃာတော်များ၊ သီလရှင်များ၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တာဝန်ရှိသူများက နှစ်(၁၀၀)ပြည့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသာဒင်နှင့် ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက် ဖူးမြော်ကြည်ညိုကြသည်။ **(ဝဲပုံ)**

ရှေးဦးစွာ နာယကဆရာတော်ကြီးများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဘုရားကြီးအား ရွှေစင်ရွှေသား ၇၄ ကျပ်သားရှိပခုံးဒေါက်တော်အား တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ဘုရားကြီး၏ ညာဘက်ပခုံးဒေါက်တော်နှင့်ဘယ်ဘက်ပခုံးဒေါက်တော်တို့တွင် ဆက်ကပ်လှူဒါန်းကြသည်။ **(၁၆၈)**

သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ အောင်မင်္ဂလာဆရာတော် ဘဒ္ဒန္တ မဏ္ဍလနှင့် မင်းကွန်း ဇေတဝန်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာသဘတို့ စီစဉ်ဖွင့်လှစ်သော ယဉ်ကျေးမှုစာပြန်ပွဲတော်ဖွင့်ပွဲကို မေ ၉ ရက်က ကရင်ဆိပ် အလက(ခွဲ)၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စက်မှုဇုန်လျှပ်စစ်မီးတိုးချဲ့တပ်ဆင်ရန် သဘောတူစာချုပ် မန္တလေးစက်မှုဇုန် ကနောင်စက်မှုခန်းမတွင်ကျင်းပ

မန္တလေး မေ ၁၈

မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး စက်မှုဇုန် လျှပ်စစ်မီးတိုးချဲ့ တပ်ဆင်ရေးအတွက် ၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ထရန်စဖော်မာအသစ် ဝယ်ယူရန် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုပွဲကို မေ ၁၃ရက်က မန္တလေးစက်မှုဇုန် ကနောင်စက်မှုခန်းမတွင် ကျင်းပသည်။

မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မန္တလေးစက်မှုဇုန်လျှပ်စစ်မီးတိုးချဲ့ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး (ကြယ်တာရာ)က လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရာတွင် ယခုရရှိနေသော ၂၀ အမ်ဗွီအေထရန်စဖော်မာ ဓာတ်အားခွဲရုံဖြင့် စက်မှုအကြီးစား၊ အလတ်စားနှင့် အသေးစား စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရာ လုံလောက်မှုမရှိ၍ ၂၀အမ်ဗွီထရန်စဖော်မာတစ်လုံး ဝယ်ယူပြီး ဓာတ်အားခွဲရုံအသစ်တည်ဆောက်ပြီး လုပ်ငန်းများ အဆင်ပြေအောင်မြင်မည်ဖြစ်၍ စာချုပ်၍ ဝယ်ယူရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မန္တလေးစက်မှုဇုန်နယ်မြေတွင် ၂၀ အမ်ဗွီအေထရန်စဖော်မာ အသစ်တိုးချဲ့တပ်ဆင်နိုင်ရန် မန္တလေး စက်မှုဇုန် လျှပ်စစ်မီးတိုးချဲ့ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး (ကြယ်တာရာ)နှင့်ကေကေအေကုမ္ပဏီ လီမိတက်အထွေထွေမန်နေဂျာ ဦးထွန်း ကြိုင်တို့သည် နှစ်ဖက်သဘောတူ စာချုပ် လက်မှတ်ရေးထိုးကြကြောင်း သိရသည်။ **(၃၁၃)**

သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ကလေး၊တမူး၊မုံရွာ၊ကသာနှင့် ကောလင်းမြို့များ၌ ကျင်းပမည်

ရန်ကုန် မေ ၃၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကလေးမြို့ မြို့နယ်အားကစားကွင်း၌ ဇွန် ၁ ရက်မှ ၅ ရက်ထိ၊ တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ ဇွန် ၁၁ ရက်မှ ၁၅ ရက်ထိ၊ မုံရွာမြို့ မြို့နယ်အားကစားခန်းမ၌ ဇွန် ၂၂ ရက်မှ ၂၆ ရက်ထိ၊ ကသာမြို့ ခရိုင်အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်ထိနှင့် ကောလင်းမြို့ မြို့နယ်အားကစားကွင်း၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်ထိလည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင်(၂)၊ ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့ ဖုန်း–၃၇၁၈၀၀(လိုင်းခွဲ)–၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀၊ (လိုင်းခွဲ)–၄၃၂၊ ရုံးချိန်ပြင်ပ ၆၃၅၂၆၄ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

စုပေါင်းဆောင်ရွက်

မေ ၁၇ ရက်က ဟားခါးမြို့ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့တွင်းရေမြောင်းများ တူးဖော်ဆောင်ရွက်ရာ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးဦးစိုးသန်း၊ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးဝင်းနှင့်ဝန်ထမ်းများက ဗိုလ်ချုပ်လမ်းမကြီးဘေး ရေဆိုးထုတ်မြောင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁–၆–၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၀ မြန်မာ့မူပာန်ဓာတ်မာန် ဟောပြောချက်(လယ်ထွန်မင်္ဂလာပွဲများနှင့် လယ်ထွန်မင်္ဂလာဘွဲ့သီချင်းများ–တက္ကသိုလ်ညိုသန့်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ကိုယ်သာလျှင် ကိုယ့်ဘဝ၏ပဲ့ကိုင်–နန္ဒာသိန်းဇံ)
၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (တစ်ရှိုက်ကိုမကြိုက်တော့ပါ)
၁၂း၄၅ ကဏ္ဍာစုံစွာ ဆွေးနွေးစရာ (သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူနှင့် ဆွေးနွေးခန်း)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဓာတ်လမ်း(မိုးနှင့်အတူ)
၁၆း၃၀ ထီပေါက်စဉ်
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားအစ စာသင်ကျောင်းက–ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ)
၂၀း၃၀ ကလေးများအတွက် တေးသီချင်းများ

စုပေါင်းသန့်ရှင်း

သာပေါင်း မေ ၂၅

သာပေါင်းမြို့နယ် စည်ပင်သာယာဈေးကြီး အတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မေ ၂၀ရက်က ဈေးသူဈေးသားများ၊ စည်ပင်သာယာဝန်ထမ်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ရွှေချစ်သူများအတွက် သတင်းကောင်းပါးအပ်ပါသည်

ရွှေ ရတနာရွှေဆိုင်

ရွှေချစ်သူများအား 1-6-2004 မှ ဆက်လက်၍ (10) ရက်နိုင်နှုန်းလျှော့၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ...

ဥ၁၈၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းကြား ပေါ်ဆိုးတိုက်ဆောက်၊ ရန်ကုန်

ညီဝင်းအောင် (တောင်ကြီး)

ဖုန်း ၀၁–၅၂၈၀၃၂

ဆိုင်းဘုတ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

မိတ်ကပ်– အောင်အောင် (တောင်ကြီး) B.Sc Zoology

☎ ၅၀၆၅၈၄

သို့ (၁–၆–၂၀၀၄) နေ့မှ စ၍ ပြောင်းရွှေ့ဖွင့်လှစ် လိုက်ပါသည်။

* သင်တန်းလက်ခံသည် *

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၂၂/၂၀၀၄
(၂၀၀၄ ခုနှစ်၊ မေလ ၂၅ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်မန်နေဂျာ	ဝါဏိဇ္ဇဘွဲ့ (သို့မဟုတ်) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) (သို့မဟုတ်) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)	၇–နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၂–၆–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၂–၆–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေး ငွေကျပ် ၅၀ ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် (၁/၉၁) ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ရုံးသို့ ၂၂–၆–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက် ပေးပို့ရမည်။

၇။ ၁၀–၇–၂၀၀၄ နေ့နှင့် ၁၁–၇–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၈–၇–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၃၇၈၁၆၃ သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း ပျဉ်းမနားမြို့ အလက(၁) ကန်နား ပထမတန်းမှ အဖဦးမြင့်ဆန်းနိုင်၏သမီး မသင်းသင်းနိုင်အား မသီရိနန္ဒာဦးဟု ခေါ်ပါရန်။ **မသီရိနန္ဒာဦး။**

မိုးရာသီရေကူးသင်တန်း

နေရာ– သထုံလမ်း တက္ကသိုလ်များ ရေကူးကန်

စမည့်ရက်–၂–၆–၂၀၀၄

ဖုန်း–၅၁၃၁၀၉

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

"BURGER QUEEN" "BURGER, HOT DOG, SANDWICH"

H.G.P., LL.B., LL.M. — Diploma in Business Law

LL.B., LL.M — Diploma in Business Law

အမည်ပြောင်း

ဦးလှငွေး–ဒေါ်မြင့်မြင့်စန်း တို့၏သားဖြစ်သူ အထက(၁) မရမ်းကုန်း နဝမတန်းတွင် ပညာသင်ကြားနေသော မောင်ချစ်ဦးအား မောင်ကျော်စွာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်စွာဝင်း။**

A ZU KI fashion

Jp. Okudaya Shinjuku

အမြန်ရောင်းမည်

အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက် ပိုင်ဆိုင်သော အောက်ဖော်ပြပါစက်ရုံနှင့် အအေးခန်းရေယာဉ်တို့ကို ရောင်းချမည်ဖြစ်ပါသည်။

၁။ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ ကျောက်နီမော်ကျေးရွာရှိ ကျောက်နီမော်အအေးခန်းနှင့် ရေခဲစက်ရုံ
(၁) 100 Tons Cold Storage
(၂) Contact Freezer (1 Ton/batch/4hrs)
(၃) Flake Ice Plant (10 Ton/day)
(၄) Block Ice Plant (20 Tons /day)
(၅) Air Blast Freezer (2 Tons/ batch/ 6hrs)
(၆) Quality Control Lab. equipment
(၇) Guest House, office, Residential quarters,
(၈) Jetty
(၉) 360 KVA, x 2Nos. CATERPILLAR GEN; SET

၂။ ကျောက်နီမော်ကျေးရွာ ကသဲမကျွန်းရှိ ငါးမှုန့် (Fish Meal) စက်ရုံ
(၁) 8 Tons Per day Fish Meal Plant
(၂) 4000 Kg / hr steam Boiler
(၃) 200 KVA CATERPILLAR GEN. SET
(၄) Office, Residential Quarters
(၅) Jetty

၃။ ငွေပုလဲ (Reefer Carrier) ရေယာဉ်
(၁) Class+100 Al +LMC + LIoyd's RMC
(၂) GT/ GRT 547
(၃) MAIN ENGINE- 825 BHP
(၄) Cold Storage Capacity - 200 Tons (Frozen Shrimp)

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၂၂၈၃၄၂၊ ၂၂၉၅၁၆ (၉၁၊ ၄၀ါလမ်း၊ အလုံ၊ ရန်ကုန်)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
တနင်္သာရီတိုင်းတရားရုံး
ထားဝယ်မြို့နယ်တရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၁

ဒေါ်ခင်လှ **နှင့်** ၁။ ဦးတင်သိန်း ၂။ ဦးတင်စိန် ၃။ ဒေါ်ယုမေ ၄။ ဦးသိန်းတန်

တရားလို **တရားပြိုင်များ**

ထားဝယ်မြို့၊ ရှာလယ်လမ်း၊ အိုးလုပ်ရပ်၊ အမှတ် ၇၇ နေ ဦးတင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်လှက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက် (၁၃၆၆ ခုနှစ် နယုန်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သင်းဝေ
တွဲဖက်တိုင်းတရားသူကြီး၊ တနင်္သာရီတိုင်းတရားရုံး။

ရောင်းချမည့်အကြောင်း
ကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို
စီစဉ်သတ်မှတ်ရန်ချိန်းဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ
တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
သာယာဝတီခရိုင်တရားရုံး၌
၂၀၀၄ ခုနှစ် ဇာရီမှုအမှတ် ၁၁
၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ် ၈၂

မြန်မာ့စီးပွားရေးဘဏ် စက်မှုလက်မှုငွေချေးဌာန ရန်ကုန်မြို့ **နှင့်** ၁။ ဦးခင်မောင်ဝင်း ၂။ ဒေါ်မြင့်မြင့်သန်း

ဒီကရီရသူ **တရားရှုံး**

ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်သန်း၊ ခနေသိဒ္ဓိလုပ်ငန်း စက်အမှတ် ၂၃၅၊ ဇီးဖြူကုန်းရွာ၊ လက်ပံတန်းမြို့ (ယခုနေရပ်လိပ်စာမသိ)သူများသိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးများပိုင် မြေနှင့် အိမ်တို့အား ကြမ်းခင်းဈေး ကျပ် ၁၀ သိန်းနှင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူတရားနိုင် မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၄ ခုနှစ် ဇွန်လ ၈ ရက်နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စောညွန့်
ခရိုင်တရားသူကြီး၊ သာယာဝတီမြို့။

တစ်လပြည့်အလွမ်း
ဒေါ်ကျင်လှ
အသက် (၆၄) နှစ်
ဖြူးမြို့

ချစ်ဇနီး–

မိသားစုအပေါ် သံယောဇဉ်ကြီးမားပြီး တာဝန်ကျေပွန်သော ချစ်ဇနီးအားရည်စူး၍ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ချစ်ဇနီးအား အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိ၍ သာဓု သုံးကြိမ် ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီးရေ အမျှ အမျှ အမျှ
ချစ်မေမေရေ အမျှ အမျှ အမျှ

နေ့စဉ်နှင့်အမျှသတိရလွမ်းဆွတ်လျက်
ချစ်ခင်ပွန်း– ဦးစိုးမြင့်နှင့် သားသမီးများ။

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၆(ဂျေ)၊ မြေကွက်အမှတ် ၁၁၃(အေ)/၈-အေ ၊ မြေဧရိယာ ဝ ဒသမ ၁၂၃ဧကရှိ မြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း၊ ဗဟန်း မြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၉၉/ဘီ) ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း-၅၅၂၉၃၈အပါအဝင်။

၂။ ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၂-ဝိုင်-၂၊ မြေကွက်အမှတ် ၁၆၈၊ ဧရိယာ ဝ ဒသမ ဝ၂၁ ဧကရှိမြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၄၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ရှစ်ထပ်တိုက်တစ်လုံး။

၃။ အမှတ်၅၉/၆၁ (လေးထပ်/ဝဲ) [အပေါ်ဆုံးထပ်၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်း]

၄။ တိုယိုတာမတ်တူး ၉က/၄၇၄၃

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော် ဦးမြသန်း ရွှေကျီးမင်းရွှေဆိုင်ပိုင်ရှင် (အမှတ် ၅၂၀၊ အခန်း ၂၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း)၏ လုပ်ငန်းမှရရှိသောဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကိုဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာမိုးကေသီ(ခ) ခင်မိုးမိုးခိုင် အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံးကာ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ်ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းသူနှင့်လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း (ရွှေကျီးမင်းရွှေဆိုင်)။

ဒေါ်ခင်သိန်း
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အထက(၁)၊ တောင်ကြီးမြို့
အသက်(၈၅)နှစ်

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊အိမ်အမှတ် ၁၇၉ နေ (ဦးငယ်-ဒေါ်ဇင်)တို့၏ သမီးထွေး၊ (ဦးတင်ကြီး-ဒေါ်ခင်သိန်း)၊ (ဦးတင်ကလေး)-ဒေါ်လှလှ၊ ဒေါ်ခင်ကြည် (ကျောင်းအုပ် ဆရာမကြီး၊ ငြိမ်း)၊ (ဒေါက်တာဦးဘမင်း)-ဒေါ်ခင်စောလှ၊ (ဒေါက်တာဦးတင်စိန် - ဒေါက်တာဒေါ်ခင်မြ)တို့၏ညီမသည် ၃၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ တေဇဗလမဟာထေရ် (ထားဝယ်)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်သုခလမ်း၊ သုခရိပ်သာကျောင်းတိုက်၏ဦးစီးပဓာန မဟာနာယက ရန်ကုန်မြို့ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များနာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင်ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ တေဇဗလမဟာထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၂ ရက် (၃၀-၅-၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၉း၃၀ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ (၃-၆-၂၀၀၄ရက်) ကြာသပတေးနေ့ နယုန်လပြည့်ကျော် ၁ ရက် မွန်းလွဲ ၁ နာရီတွင် သုခရိပ်သာကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပင့်ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မော်တော်ယာဉ်များ သုခရိပ်သာကျောင်းတိုက်မှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ ဦးစီးပဓာနနာယက
ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ ဒုတိယဥက္ကဋ္ဌ
ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ ဒေါက်တာရေဝတဓမ္မ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာန နာယက လန်ဒန်ဗုဒ္ဓဝိဟာရ၏ဩဝါဒါစရိယ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျမ်းပြုအကျော်၊ ဘာသန္တရဆေက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဒေါက်တာရေဝတဓမ္မသည် နယုန်လဆန်း ၈ ရက် (၂၆-၅-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို နယုန်လပြည့်ကျော် ၂ ရက် (၄-၆-၂၀၀၄ရက်) သောကြာနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

အင်္ဂလန်နိုင်ငံ၊ဘာမင်ဂမ်မြို့၊ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးဘမြင့် (မုံရွာမြို့)
အသက်(၆၈)နှစ်

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်၊ သာစည်လမ်းနေ (ဦးဘိုးနီ-ဒေါ်သန်းခင်) တို့၏သားကြီး၊ ဒေါ်ခင်နွဲ့၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်စန်းစန်းနု၊ ဦးစစ်နိုင် (3/E PIL)-ဒေါ်ခိုင်ဝါဝါကို၊ Dr.ကျော်ငြိမ်းအေး-ဒေါ်အေးမြမြတို့၏ဖခင်၊ မောင်ထက်အောင်၊ မထက်စုစုနိုင်၊ မောင်လင်းထက်အောင်၊ မအမရာငြိမ်းအေး၊ မပန်းအိစစ်နိုင်တို့၏အဘိုးသည် ၃၀-၅-၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် မုံရွာမြို့ သာစည်လမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် နေအိမ်မှ မြနန္ဒာသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးကဝိန္ဒ (ပုဏ္ဏားကျွန်း)
သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၅)ဝါ

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၇/အနောက်၊ တက္ကသိုလ်ပရိယတ္တိကျောင်း ဒုတိယနာယကဆရာတော် ဦးကဝိန္ဒသည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၃ရက် မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လပြည့် (၂-၆-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် အထက်ပါကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ တက္ကသိုလ်ပရိယတ္တိကျောင်းဆရာတော်နှင့် တပည့်ဒါယကာ ဒါယိကာမများ။

ဒေါ်အေးသက် (သုဝဏ္ဏ)
အသက်(၇၆)နှစ်

သုဝဏ္ဏမြို့၊(၂၅)ရပ်ကွက်၊သံသုမာလမ်း၊ တိုက်အမှတ် ၃၀၄၊ အခန်း ၁ နေ (ဦးတင်ယုံ- ဒေါ်ချို)တို့၏ သမီး၊ ဦးတင်အောင်(အငြိမ်းစား၊ အင်/ယာချုပ်ရုံး၊ ဆသရ)၏ဇနီး၊ ဦးမြင့်ဟန်-ဒေါ်တင်တင်ရှိန်၊ ဦးသိန်းဦး-ဒေါ်ခင်ခင်အေး၊ ဦးကျော်ဆွေသန်း-ဒေါ်မြင့်သိန်း (တပ်မတော် ဘောလုံးစက်ရုံ၊ မော်ဘီ)၊ ဦးသိန်းငွေ(JSM Line)-ဒေါ်ခင်မြင့်၊ ဦးသိန်းထွန်းဆွေ-ဒေါ်အေးထွန်း၊ဦးထွန်းအောင်လှိုင်၊ ဦးမြဝင်းမော်(Seasons Hotel)-ဒေါ်မိုးမိုး၊ ဦးခင်မောင်ဌေး (မြို့နယ်စည်ပင်၊ ဗိုလ်တထောင်)- ဒေါ်ခင်ခင်လေးတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်အောင်ကိုကိုမျိုး (ရန်ကင်း)
အသက်(၂၈)နှစ်

ရန်ကုန်မြို့နေ (ဦးမြဟန်-ဒေါ်ငွေခ)၊ (ဦးထွန်းတင့်-ဒေါ်ကျွေကျွေ)တို့၏ မြေး၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၁)ရပ်ကွက်၊ တိုက်အမှတ် ၁၅၊ အခန်း ၅ နေ ဦးမျိုးညွန့်(မန်နေဂျာ၊ Lwin & Swan Motor)-ဒေါ်ဝင်းဝင်းတင် (သမဝါယမဦးစီးဌာန၊ ငြိမ်း)တို့၏သားကြီး၊ မခိုင်စပယ်မျိုး(Lwin & Swan Motor)၏အစ်ကိုသည် ၃၁-၅-၂၀၀၄ရက် နံနက် ၁၂း၀၅နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

တာချီလိတ်မြို့၊ မကာအိုခမ်းရပ်၊ အမှတ် ၄/၂၈ နေ မနွယ်နွယ်အောင် (ခ)အီမွန်း၏မိခင်ဖြစ်သူ ဒေါ်နန်းကျောက် အသက်(၄၆)နှစ်သည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

မေဦးစံ၊ မထက်၊ သားငယ်၊ ယင်းမာ၊ အိခင်၊ အိဖြူစု၊ ဆု၊ အိဖူး၊ သန်းသန်းမြင့်၊ စန္ဒီ၊ ငွေးအောင်။

ဒေါ်မြသန်း (ညောင်ရွာ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သိမ်ဖြူတင်းနစ်ကွင်းနေ ဦးထွန်းဝင်း (အား/ကာ၊ ငြိမ်း)၏ဇနီး၊ မောင်မျိုးသီဟဇော် (Final Part- I တပ်မတော်ဆေးတက္ကသိုလ်)၊ မမြတ်နိုးအေး(VI-A အထက-၄၊ တောင်ညွန့်)၊ မောင်စိုးသီဟအောင်(I-Cအမက-၁၄၊ တောင်ညွန့်)၊ မောင်ဝင်းထက်ပိုင်(X အထက-၁၊ ဒဂုံ)၊ မောင်စိုးထက်နိုင် (VII-A အထက-၁၊ တောင်ညွန့်)၊ မောင်အောင်ဖြိုးအေး (VI-A အထက-၁၊ တောင်ညွန့်)၊ မောင်သော်ဇင်စိုး(V-A အထက-၁၊ တောင်ညွန့်)၊ မောင်ဝင်းသူခန့်၊မောင်ဝင်းထက်ဟိန်း(VIII-A အထက-၁၊ တောင်ညွန့်)၊ မောင်ကောင်းထက်စံတို့၏အဘွားသည် ၃၀-၅-၂၀၀၄ရက် ည ၁၁း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်စောရီ
အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ချောင်းဝနေ (ဦးဘိုးလှ-ဒေါ်သိန်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊နိဗ္ဗာန်လမ်း၊ အမှတ် ၂၀နေ [ဦးလှဖေ (ဦးဓမ္မိကသာရ)]၏ဇနီး၊ စကားဝါပင်လမ်းနေ (ဦးကွန်းရွှေ) - ဒေါ်ကြည်လေးတို့၏ အစ်မကြီး၊ (ဦးတင်အေး)-ဒေါ်ခင်သန်းယု၊ တေးသံရှင်ဦးမျိုးမြင့်လေး-ဒေါ်ကြင်မွေး၊ ဦးအေးသန့်-ဒေါ်နုနုရီ၊ ဦးသိန်းဆွေ (မြန်မာ့နဝရတ်မျက်မှန်သမဝါယမအသင်းလီမိတက်)-ဒေါ်ပပဝင်း၊ ဒေါ်မာလာသန်း(အလက-၈၊လှိုင်)တို့၏မိခင်၊ မြေး ၂၇ ယောက်၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေး
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်း၊ အမှတ် ၆၀ နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးသက်တင်)-ဒေါ်သန်းသန်း၊ ဦးသန်းအောင်(ဥက္ကဋ္ဌ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လှိုင်မြို့နယ်)-ဒေါ်မြကြည်၊ ဦးသိန်းစိုး-ဒေါ်တင်တင်ညွန့်တို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၃း၁၅ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မြ (ပျဉ်းမနား)
အသက်(၈၅)နှစ်

ပျဉ်းမနားမြို့၊အမှတ် ၃၄၇၊ ရွှေချီရပ်၊ ၈ လမ်းနေ (ဦးဘာဘာ-ဒေါ်ကျင်နု) တို့၏သမီး၊ ဒေါ်ရင်မြ(ကျောင်းဆရာမကြီး၊ ငြိမ်း)၊ ဦးဉာဏ်ဝေ (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ ဒေါက်တာသူဇာဟန် (မကွေး)တို့၏မိခင်သည် ၂၇-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၀၄ရက်တွင် ပျဉ်းမနားမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း (ညောင်ရွာ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်း၊ အခန်း ၈ နေ ဦးထွန်းဝင်း (အား/ကာ၊ငြိမ်း)၏ဇနီး၊ ဒေါ်စိန်တင် (ညောင်ရွာ)၏ညီမ၊ ဦးတင်ဝင်း (အား/ကာ)-ဒေါ်လှတင်တို့၏အစ်မ၊ ဦးတင်ယု-ဒေါ်သန်းသန်းမြင့်၊ ဦးအေးထွန်း-ဒေါ်ကြူမော်အေး၊ ဦးအောင်ဝင်း၊ ဦးဝင်းနိုင်-ဒေါ်ခင်ဌေးဝင်း၊ ဦးဝင်းမြင့်-ဒေါ်တင်ယုရွှေ၊ (ဦးညွန့်ထွေး)-ဒေါ်ဥမ္မာဝင်းတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၃၀-၅-၂၀၀၄ရက် ည ၁၁း၁၅နာရီတွင် S.S.C ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်လှိုင်(ခ)အမော်ကောက်
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ၁၃ လမ်း၊ အမှတ် ၂၄ နေ (ဦးဘငြိမ်း-ဒေါ်ကြိုင်တီ)တို့၏သားကြီး၊ ဒေါ်ကျော့စိန်၏ ခင်ပွန်း၊ ကိုဝင်းစိန်-မစိန်စိန်လှိုင်၊ ကိုမောင်မောင်အေး-မဝင်းဝင်းလှိုင်၊ ကိုမြင့်စိုးဝင်း-ဒေါက်တာဌေးဌေးအောင်တို့၏ ဖခင်၊ မောင်ကိုကိုလှိုင်ဦး၊ မထက်ထက်အေး၊ မစုမြတ်အေးတို့၏အဘိုးသည် ၃၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ အာရုံခံတန်ဆောင်း၊ဇရပ်၊ရေတွင်း ဒါယကာကြီး
ဦးချစ်လှိုင် (ကုန်သည်)
ဟံလင်းကြီးမြို့ဟောင်း၊ဝက်လက် ရွှေဘိုခရိုင်
အသက်(၈၂)နှစ်

စစ်ကိုင်းမြို့၊ အမှတ်(ဃ-၂၇)၊ ပါရမီရပ်ကွက်နေ (ဦးမဲ-ဒေါ်ပု)တို့၏သား၊ (ဦးတိုင်း-ဒေါ်ယဉ်)တို့၏ သားသမက်၊ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ဦးမောင်ပု(အင်/ယာ၊ ဆသရ၊ မုံရွာ)၊ ဒေါ်ခင်စပယ် (အလပြ၊အထက-၃၊မုံရွာ)၊ ဒေါ်သောင်းမြင့်(ဟံလင်း)၊ ဒေါ်အေးတင့်(အလပြ၊ အထက-၃၊ စစ်ကိုင်း)၊ ဒေါ်အေးဝင်း (အင်/ယာ၊ ရေအရင်းအမြစ် တိုင်းရုံး၊ မုံရွာ)၊ ဦးနု(ကြီးကြပ်၊အင်/ယာ)၊ ဒေါ်ဌေးဌေးဝင်း(အင်/ယာ၊ တိုင်းလျှပ်စစ်ရုံး၊စစ်ကိုင်း)၊မဌေးဌေးလင်း(သတ္တဗေဒ၊ ဂုဏ်ထူးတန်း၊ ဝ/သ တက္ကသိုလ်၊ မန္တလေး)တို့၏ဖခင်၊ မခင်ကေသဇင် (နှင်းနှင်း) (စတုတ္ထတန်း၊ အလက-၄၊ ဆူးလေကုန်း၊ မုံရွာ)၏အဘိုးသည် ၃၁-၅-၂၀၀၄ရက် ၁၀း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ကျင်ရီ(ခ) ဒေါ်ခင်အေး (မြောင်းမြ)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တိုက် ၈/၁၀၊ အခန်းအမှတ် ၄/အီး နေ (ဦးဝင်းကြင်-ဒေါ်ကြင်ငွေ)တို့၏သမီး၊ (ဦးတင်ဦး)၏ဇနီး၊ မနီနီတင်ဦး၊ မနိုင်နိုင်တင်ဦး၊ မခင်ခင်တင်ဦး၊ မသီတာတင်ဦး၊ မနီလာတင်ဦး၊ မဖြူဖြူသန့်တင်ဦးတို့၏မိခင်သည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်ကြည်
အသက်(၅၉)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၉ X၃၆ လမ်းထောင့်၊ စည်ပင်သာယာဝန်ထမ်းအိမ်ရာ၊တိုက်ခန်းအမှတ်(E-၇) နေ ဦးငွေစိုး(ကြီးကြပ်ရေးမှူး၊ဈေးဌာနခွဲ)၏ဇနီး၊ ဒေါ်တင်တင်ဝင်း(ချမ်း/စံ အုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်အေးအေးစိုး(ချမ်း/စံ အုပ်ချုပ်ရေးမှူးရုံး)၊ ဒေါ်ခင်သီတာစိုး(ဈေးဌာနခွဲ)၊ ဒေါ်ငယ်ငယ်ထွေးတို့၏ မိခင်သည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်း(ခ)အော်ပူးစိန်း (ထားဝယ်)
အသက်(၅၇)နှစ်

ထားဝယ်မြို့၊ ဒေါင်းငူရပ်၊ မင်္ဂလာလမ်းနေ (ဦးခီးရောင်-ဒေါ်ကင်ချွန်း) တို့၏သား၊ ဦးခင်မောင်တင်-ဒေါ်ကြူငွေးတို့၏ညီ/မောင်၊ ထားဝယ်မြို့၊ အမှတ် ၁၁၁၊ ဈေးတောင်ဘက်လမ်း၊ ခုံဝင်းဒပ်ရပ်နေ ဒေါ်ဂင်ကြွယ်၏ခင်ပွန်း၊ မနွေးနွေးစန်း၊ မောင်မောင်လေပြေအေး၊ မဖွေးဖွေးစန်း၊ မောင်မောင်သော်တာဌေးတို့၏ဖခင်သည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ဗဟိုရုံစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၁၁၅/ဘီ၊ တတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ငွေ(ခ)Mrs. Joyce Fernandez (Daye) (ST.Philomenas ကျောင်းသူဟောင်း)
Ex Teacher of St John Convent
Ex Staff of Diplomatic Shop
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ် ၇၅(ငါးလွှာ၊ခေါင်းရင်း)၊ တာမွေမြို့နယ်နေ ဦး Tony Fernandez(ကြီးကြပ်ရေးမှူး၊ ငြိမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်)၏ဇနီး၊ ဒေါ် Rita-ဦးမိုက်ကယ်တင်လေး၊ ဒေါ် Olive-ဦးအောင်မြင့်၊ ဒေါ်Dorothy-ဦးခင်ညို၊ ဒေါ် Sally-(ဦးနန်းကို)၊ ဒေါ် Jenny-ဦးသက်လွင်၊(ဦး Patrick)-ဒေါ်ဘဲဖော့ (S.P.Y.G.N)တို့၏ အစ်မကြီး၊ ဦးဆန်းဦး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဆန်းဝင်း(လက်ရွေးစင်ဘောလုံးသမားဟောင်း၊ ဆလရ၊ မျိုးဆက်လက်ရွေးစင်ဘောလုံးနည်းပြ)-ဒေါ်တင်တင်အောင်၊ မစန်းစန်းဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် အာရှတော်ဝင်ဆေးခန်းတွင်ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ST.Francis Church တာမွေတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ကြည်ကြည်သောင်း (ရွှေကျေး မုန့်ဖြန့်ချိရေး)
အသက်(၇၁)နှစ်

မြင်းခြံမြို့ (ဦးပု-ဒေါ်စိန်သွယ်)တို့၏ သမီး၊ နတ်ကြီးရွာ (ဦးအောင်ကြည်-ဒေါ်ဖွားသိန်း)တို့၏သမီးချွေးမ၊ မြင်းခြံမြို့နေ (ဦးတင်စော)-ဒေါ်တင်လှတို့၏ ညီမ၊ မန္တလေးမြို့နေ ဦးနိုင်နိုင်-ဒေါ်မာမာမြင့်(ကားရောင်းဝယ်ရေးလုပ်ငန်း)၊ ရန်ကုန်မြို့ ဦးသန်းစိန်-ဒေါ်မာမာတင့်၊ မန္တလေးမြို့နေ ဦးခင်မောင်ကြည်-ဒေါ်မာမာအေး (တိုင်းကြည် စတိုး)၊ ဦးကိုကိုနိုင်-ဒေါ်ခင်စန်းဝေ (A1 မုန့်လုပ်ငန်း)၊ ဦးခင်မောင်ဆွေ-ဒေါ်သင်းသင်းသောင်း(ရွှေထီးတိုက်)၊ ဦးအောင်ခိုင်-ဒေါ်မာမာဌေး(ခ)ဒေါ်ဗိုမ (ရွှေကျေးမုန့်ဖြန့်ချိရေး)၊ ဦးစိန်မောင်း-(ဒေါ်မင်းမင်းသောင်း)၊ဦးမြင့်ဦး-ဒေါ်မိုးမိုးသောင်း (ရွှေကျေးမုန့်မိသားစု)တို့၏မိခင်၊ မြေး ၂၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား၊မန္တလေးမြို့၊ဘုရားကြီးအရှေ့မုခ်၊ ၈၁ လမ်း၊ ၄၅လမ်း(ရွှေကျေးမုန့်ဖြန့်ချိရေး)(ဦးသောင်း)၏ဇနီးသည် ၃၀-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ခင်ဌေး (ကွမ်းခြံကုန်း၊ တော်ကူးကြီး)
အသက်(၇၀)

ရန်ကုန်မြို့၊ အမှတ် ၅၀၊ ၁၄၁လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကြီးဖေ-ဒေါ်သိန်းရှင်)တို့၏သမီး၊ (ဦးစိန်လှိုင်)-ဒေါ်ကြည်ကြည်တို့၏ညီမ၊ ဦးဆန်းတင့်အောင် - ဒေါ်ဇင်မာအေး၊ ဦးသန်းထွဋ် (ဆည်မြောင်း၊ ရန်ကုန်တိုင်း)-ဒေါ်မာလာ (ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ မိခင်၊ မောင်ဝေဖြိုးအောင်၊ မမေသူအောင်၊ မောင်ပိုင်ရဲဦး၊ မသီရိမြတ်နိုးတို့၏အဘွားသည် ၃၀-၅-၂၀၀၄ရက် ညနေ ၄း၄၅ နာရီတွင် သျှင်ပါဂူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမောင်ဝ (မအူပင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊စဥ့်အိုးတန်းလမ်း၊ အမှတ် ၅၅ နေ (ဦးဘသောင်း-ဒေါ်သီ)တို့၏ သား၊ ဒေါ်လှမြိုင်၏ ခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်စန္ဒာသောင်း၊ ဦးမောင်မောင်ခင်-ဒေါ်ခင်သန်းစိန်၊ ဦးဇော်ဝင်း-ဒေါ်မိမိကြူ၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်နီလာတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ
အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ-ဒေါ်သိန်း) တို့၏ သမီး၊ (ဦးဖေတင်-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်၁၈၊ အာဇာနည်လမ်း၊ ဆရာစံမြောက် / အနောက် ရပ်ကွက်နေ ဦးမောင်မောင်ကြည်၏ဇနီး၊ ဦးသိန်းဆွေ(အောင်သူရိန်ဆောက်လုပ်ရေး)-ဒေါ်လွင်လွင်မော်(အလက-၂၊ဗဟန်း၊ ငြိမ်း)၊ ဦးစိန်လွင်-ဒေါ်စုစုမော်(ကကငွေ၊ငြိမ်း)၊ ဦးဝင်းလွင်ဦး-ဒေါ်စန္ဒာမော်(ရိုးမဘဏ်၊မြေနီကုန်း)၊ ကိုသန်းထိုက်(ခ)တရုတ်ကြီးတို့၏မိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၃၀-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁-၆-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးပိုင်
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ဥသဘယားလမ်း၊ အမှတ် ၁၈ နေ ဒေါ်သင်းသင်းနွဲ့(MTEI ရုံးချုပ်၊ ဘဏ္ဍာရေးဌာန)၏ခင်ပွန်း၊ တောင်စွန်းမြို့ ဦးကျော်-(ဒေါ်သိန်းတင်)၊ ဒေါ်သိန်းမြင့်၊ ဒေါ်ငွေခင်တို့၏သား၊ (ဦးညွန့်လှိုင်)-ဒေါ်မြမြသိန်းတို့၏သားသမက်၊ ဦးမြင့်ကြည်-ဒေါ်ဌေးရီ၊ ဒေါ်သန်းနွဲ့၊ ဗိုလ်မှူးကြီးထွန်းအံ့(ငြိမ်း)-ဒေါ်သန်းသန်းဌေး၊ ဦးမောင်ကံ-ဒေါ်အေးသန်း၊ ဦးဝင်းလှိုင်-ဒေါ်လှကြည်တို့၏ ညီ/မောင်၊ ဒေါ်အေးအေးမောင်၊ ဒေါ်အေးဝင်း၊ ဗိုလ်ကြီးကျော်စိုး - ဒေါ်စိုးစိုးဝင်းတို့၏ အစ်ကို၊ ဦးသိန်း-ဒေါ်သိန်းရင်၊ ဦးချစ်အောင်-ဒေါ်တင်ရီတို့၏တူ၊ မောင်အောင်သူစိုး၏ဖခင်သည် ၃၀-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၀၄ရက် ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုသိန်းဦး
အသက်(၄၂)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ဦးအောင်ဇေယျ ၁၁ လမ်း၊ အမှတ် ၂၂၁၅ နေ ဦးသိန်းအောင်(ခ) ဦးသိန်းတင်-ဒေါ်ငွေသန်းတို့၏ သား၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ကုန်သည်လမ်း၊ အမှတ် ၇၂၈ နေ ဦးမောင်လွင်-ဒေါ်ခင်သစ်တို့၏သားသမက်၊ မကေသီလွင် (မင်္ဂလာဈေး၊ ရွှေစင်စကြာဆိုင် ၆၁၅၊ ပထပ်)၏ခင်ပွန်း၊ ဦးမောင်တန်-ဒေါ်မြမြလွင်၊ ဦးသန့်ဇင်နိုင်-ဒေါ်နီနီလွင်၊ ဦးတင်အောင်-ဒေါ်နှင်းဆီလွင်၊ ဦးဝင်းမြင့်ဖြိုး-ဒေါ်ခင်စုလွင်တို့၏ညီ/မောင်၊ မောင်နိုင်ကိုဦး၊ မောင်စောရန်နောင်တို့၏ဖခင်သည် ၃၁-၅-၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၅း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ကိုထွန်းထွန်း
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ ချယ်ရီလမ်း၊ ၂၀၅/၂ နေ (ဦးမောင်မောင်သောင်း-ဒေါ်မကြီး)တို့၏ သားထွေး၊ ဦးခင်မောင်သန်း (ဆပ်ပြာစက်ရုံ-၂)-(ဒေါ်ကျင်ဝင်း)၊ ဦးကြည်လင်း-ဒေါ်တင့်တင့်(အလုကုန်ပစ္စည်းစက်ရုံ)၊ မချိုချိုမာ (အလုကုန် ပစ္စည်းစက်ရုံ)တို့၏ ညီ/မောင်၊ မောင်အောင်အောင်၊ မမြတ်စန္ဒီလင်း၊မောင်ထက်လွင်တို့၏ဦးလေးသည် ၃၁-၅-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်နန်းကျောက်
အသက်(၄၆)နှစ်

တာချီလိတ်မြို့၊ မကာအိုခမ်းရပ်၊ အမှတ် ၄/၂၈ နေ ဦးခင်အောင်၏ဇနီးသည် ၂၉-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၀၄ ရက်တွင် ကျောက်တောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချီ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ဆေးရွက်ကြီးအန္တရာယ်ပြည်သူများသိမြင်ရှောင်ကြဉ်ရန် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းဆောင်ရွက်နိုင် ပညာပေးလှုပ်ရှားမှုများကြောင့် ပြည်သူလူထုအတွင်း ဆေးလိပ်အန္တရာယ်ပိုမိုကျယ်ပြန့်စွာသိရှိနားလည် မြန်မာ့ကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ရပ်အဖြစ် ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆုရရှိ

ရန်ကုန် မေ ၃၁

၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ အမျိုးသားဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေး ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားအပြီးတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးပြခန်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံအစုအဖွဲ့အစည်းအဝေးများဆက်လက်ကျင်းပ အစုအဖွဲ့အလိုက်သဘာပတိအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၃၁

အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ စာမျက်နှာ ၁၁ ကော်လံ ၁ ❐

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး၌ အလှည့်ကျ သဘာပတိဦးမောင်ကြီး ဆောင်ရွက်စဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ယနေ့ထုတ်စောင်ရေ ၂၀၀၇၈၅

ဒေသတွင်းလမ်းများလုံခြုံချောမွေ့လာ၍ သွားရေးသာကာ ရောင်စုံရာသီပန်းများဖြင့် လှပနေသည့်မြို့ ကျောက်တန်း

သတင်းဆောင်ပါး–ငြိမ်းမင်းစံ(မဟာအောင်မြေ)၊ ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်

ရန်ကုန် မေ ၃၁

ကျောက်တန်းမြို့သည် ရန်ကုန်မြို့တော်နှင့်မဝေး၊ တောင်ပိုင်းခရိုင်တွင်ပါဝင်သည်။ ရန်ကုန်–သန်လျင်တံတားကြီးမရှိမီက ဖွံ့ဖြိုးမှုများအားနည်းခဲ့သည်။ သန်လျင်တံတားကြီးပေါ်ထွန်းခဲ့ပြီးနောက် ရန်ကုန်မြို့တော်နှင့် ရေမခြား၊မြေမခြားဖြစ်လာရာ ဖွံ့ဖြိုးတိုးတက်မှုများ ဝေစည်လာသည်။ သွားလာ ဆက်သွယ်ရေးကောင်းမွန်ပြီး ဖွံ့ဖြိုးဝေစည်လာသော ကျောက်တန်းမြို့သည် ဘုရားဖူးများအပါအဝင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ▼

Euro 2004 PORTUGAL

ကိုထွေး–စုစည်းတင်ပြသည်

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

အိမ်ရှင်ပေါ်တူဂီအသင်း ခြေစွမ်းပြအနိုင်ရ နာမည်ကြီးဟော်လန် ခြေစမ်းပွဲအရေးမလှ

ရန်ကုန် မေ ၃၁

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲကျင်းပရန် ၁၂ ရက်သာလိုတော့သည့်အချိန်တွင် ဥရောပတစ်လွှား၌ ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဘောလုံးဝါသနာရှင်များကြားတွင် ဥရောပဖလားပြိုင်ပွဲ၌ ယှဉ်ပြိုင်ကြမည့် အသင်း ၁၆ သင်း၏ ခြေစွမ်းအတက်အကျကို စောင့်ကြည့်လျက်ရှိပြီး ဗိုလ်စွဲနိုင်မည့်အသင်း မည်သူဖြစ်နိုင်သည်ကို စိတ်လှုပ်ရှားစွာ ခန့်မှန်းတွက်ဆနေကြသည်။

ချစ်ကြည်ရေးခြေစမ်းပွဲများကို မေ ၂၉ ရက်မှစတင်၍ ဆက်တိုက်ဆိုသလို ယှဉ်ပြိုင်လျက်ရှိရာ နာမည်ကြီးအသင်းများဖြစ်ကြသည့် ပြင်သစ်၊ ဂျာမနီနှင့် ပေါ်တူဂီတို့ ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ပြီး လီမွော်ရောင်ဝတ်စုံပိုင်ရှင် ဟော်လန်အသင်းမှာ ဘယ်လ်ဂျီယံကိုရှုံးကာ မျက်နှာပန်းမလှဘဲ ဖြစ်သွားရသည်။ စာမျက်နှာ ၁၃ ကော်လံ ၁ ■